ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (14-3-2007) (၅၆၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ရွှေဘို-ကသာပိုင်း ဟောက်လုပ်မှုကြည့်ရှုစစ်ဆေး ရွှေဘိုခရိုင် ခြစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် တက်ရောက်အားပေးပြီး ခြစည်းရိုးကြက်ဆူပင်များပျိုးထောင်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လမ်းဖြစ် တာဖြစ်ဆည် တည်ဆောက်မည့် ကုက္ကိုအိုင်ချောင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၃

စစ်ကိုင်းတိုင်း ရွှေဘိုမြို့သို့ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မတ် ၁၀ရက် နံနက်ပိုင်းတွင် တဂဏန်းစိုက်ပျိုးရေး ပညာပေးစခန်း၌ ကျင်းပသော ရွှေဘိုခရိုင် ခြစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ တက်ရောက်အားပေးပြီး ခြစည်းရိုးကြက်ဆူပင်များကို ပျိုးထောင်စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

(၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ စစ်ကြောင်းကြီးများ၏ တပ်ပါစစ်ရေးပြ ဆက်လက်လေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၃

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးစစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၅ နာရီခွဲတွင် နေပြည်တော်ရှိစစ်ရေးပြကွင်းကြီးသို့သွားရောက်၍ (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ၏ တပ်ပါစစ်ရေးပြ ဆက်လက်လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ၏ စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၃-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နှလုံးကျန်းမာမှု အစဉ်သတိပြုဆင်ခြင်

နှလုံးသည် လူ၏ခန္ဓာကိုယ်တွင် အဓိကအရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

နှလုံးသွေးကြောပိတ်ခြင်းသည် နှလုံးသို့သွေးပို့ပေးသော နှလုံးသွေးလွှတ်ကြောများတွင် သွေးခဲပိတ်သဖြင့် နှလုံးကြွက်သား ဒဏ်ရာရသည့် အခြေအနေဖြစ်သည်။ လူလတ်ပိုင်းနှင့် လူကြီးပိုင်းအရွယ်တွင် သွေးကြောကျဉ်းရောဂါ လက္ခဏာများ ပေါ်ပေါက်လာတတ်သည်။ သွေးတိုးရောဂါရှိခြင်းသည် နှလုံးသွေးကြောပိတ်ခြင်းကို ဖြစ်ပွားစေနိုင်ပေရာ သွေးတိုးရောဂါကို ထိရောက်စွာကုသခြင်းဖြင့် နှလုံးသွေးကြောပိတ်ခြင်းကို ကာကွယ်နိုင်မည်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်းဖြင့် ကိုယ်အလေးချိန် အသင့်အတင့်ကျဆင်းစေပြီး နှလုံးရောဂါ ဖြစ်ပွားစေသည့် သွေးပေါင်ချိန်များခြင်း၊ သွေးတွင်းအဆီဓာတ်နှင့် အချိုဓာတ်များခြင်းတို့ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

အရွယ်ရောက်ပြီးသူတစ်ဦးအတွက် တစ်ရက်လျှင် နာရီဝက်ခန့် လမ်းလျှောက်ခြင်းနှင့် ဟင်းသီးဟင်းရွက် များများပါသော အစားအစာများကို စားသောက်ခြင်းဖြင့် ကျန်းမာရေးအတွက် အကျိုးသက်ရောက်မှု ရရှိစေသည်။ အထူးသဖြင့် ငန်လွန်း၊ ချိုလွန်းပြီး ပြည့်ဝဆီများပြားသော အစားအသောက်များကို ရှောင်ကြဉ်၍ အဆီမပါသော သား၊ ငါး၊ ပဲနှင့် ပဲတောင့်ရှည်များ၊ ဟင်းရွက်ဆီနှင့် အသီးအနှံများကို ပိုမိုစားသုံးကြရန် လိုအပ်မည်ဖြစ်သည်။

ထို့အပြင် ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ဆေးလိပ်ငွေ့ရှူရှိုက်မိခြင်းတို့သည် ရတ်တရက် နှလုံးသွေးကြောပိတ်ဆို့ခြင်းကို ဖြစ်စေသည်ဟု သိပ္ပံပညာရှင်များက လက်ခံထားကြသည်။ တစ်နေ့လျှင် စီးကရက် ၁၅ လိပ်ထက် ပို၍သောက်ပါက လေဖြတ်ရန် ၃ ဒသမ ၇ ဆ ပိုလာသည်ဟု သိရသည်။

နှလုံးသွေးကြောကျဉ်းရောဂါသည် အခြားသောရောဂါများထက် အသက်အန္တရာယ်ပိုမို ဖြစ်စေနိုင်သည့်အတွက် လူတိုင်းလူတိုင်း ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ စနစ်တကျ ချင့်ချိန်စားသုံးခြင်း၊ အသက်အရွယ်မရွေး ပုံမှန်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းတို့ဖြင့် နှလုံးရောဂါဖြစ်ပွားခြင်းမှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦး မိုးကုတ်မြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံသစ် အဆောက်အအုံဖွင့်ပွဲ တက်ရောက်

နေပြည်တော် မတ် ၁၃

မန္တလေးတိုင်း မိုးကုတ်မြို့၌ ရောက်ရှိနေသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မတ် ၇ ရက် နံနက်ပိုင်းတွင် မိုးကုတ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်တို့နှင့်အတူ ဆေးရုံ၏ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆေးကုသဆောင်များ၊ ဓာတ်မှန်ခန်း၊ သွားကျန်းမာရေးဌာနနှင့် ပြင်ပလူနာဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ မှာကြားပံ့ပိုးဆောင်ရွက်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဒုတိယဝန်ကြီးတို့သည် နံနက်ပိုင်းတွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ကျင်းပသည့် ဒေသခံပြည်သူများက ငွေကျပ်သိန်းပေါင်း ၆၀၂၅ စုပေါင်းပါဝင်လှူဒါန်း တည်ဆောက်ပြီးစီးခဲ့သော ကိုယ့်အားကိုယ်ကိုး ခုတင် ၁၀၀ ဆံ့ ဆေးရုံသစ် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် ဆေးရုံသစ်၌ ဆေးရုံအုပ်၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊သူနာပြုများ၊ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် အဓိကဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိုးကုတ်မြို့နယ် ကင်းကျေးလက်ကျန်းမာရေးဌာနနှင့် ရွှေညောင်ပင်ကျေးလက်ကျန်းမာရေးဌာနခွဲများသို့ သွားရောက်၍ ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သပိတ်ကျင်းမြို့သို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ခေတ္တမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာယုနန္ဒာသန်းက ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ချက်များ တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ၍ ကျန်းမာရေးလုပ်ငန်းဆိုင်ရာပညာပေးခြင်းနှင့်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် အဓိကထားဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားပြီး ဆေးရုံအတွင်း လူနာဆောင်များနှင့်ဌာနများကိုလည်းကောင်း၊ဆောက်လုပ်ဆဲသံဃာ့ဆေးရုံကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စဉ့်ကူးမြို့နယ် လက်ပံလှကျေးလက်ကျန်းမာရေးဌာန ရွှေပြည် ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိခဲ့ပြီး ဒေသခံပြည်သူလူထု၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှပုဂ္ဂိုလ်များအားတွေ့ဆုံကာကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး အသစ် ဆောက်လုပ်ပြီးစီးသော ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံကို ကြည့်ရှု၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မတ္တရာမြို့နယ် ရေနံ့သာအနာကြီးရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံ အစည်းအဝေးခန်းမ၌ ခေတ္တဆေးရုံအုပ်ကြီးက ဆေးရုံ၏ ဝန်ထမ်းရေးရာ၊ ကုသရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဆေးရုံအတွင်း ခြေတုလက်တုအလုပ်ရုံ၊ အကြောအဆစ် ပြန်လည်သန်စွမ်းရေးဌာနနှင့် အတွင်းလူနာဆောင်များကို အသေးစိတ် လှည့်လည်ကြည့်ရှုကာ လူနာများနှင့်ဝန်ထမ်းများအား နှုတ်ဆက်အားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မိုးကုတ်မြို့နယ်ရွှေညောင်ပင်ရွာကျေးလက်ကျန်းမာရေးဌာနခွဲတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

ညောင်ကန်အေးသာသနာ့ရိပ်သာ တရားအားထုတ်ပွဲ

ရန်ကုန် မတ် ၁၃

ကျေးဇူးရှင် ညောင်ကန်အေး သာသနာ့ရိပ်သာဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကုန္တက၏ ဩဝါဒအရ အင်းစိန်မြို့နယ် မဟာစည်ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်အခါ ဝိပဿနာ အထူးတရားအားထုတ်ပွဲ ၁၅ ရက် တရားစခန်းကို ဧပြီ ၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်။ တရားစခန်းဝင်ရောက်လိုသည့် ယောဂီများနှင့် စေတနာရှင်များသည် ဖုန်း-၆၄၂၂၁၉ နှင့် ဆက်သွယ်၍ဖြစ်စေ၊ လူကိုယ်တိုင်ကြွရောက်၍ဖြစ်စေ သာသနာပြုနိုင်ကြောင်း သိရသည်။ (က-ပ)

ဆက်ကပ်လှူဒါန်း

ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်မှ မိုးညှင်းအရှင်ကုန္တက(ရွှေဘို)အား ထပ်ဆင့်ဂုဏဝိသိဋ္ဌဂုဏ်ပြုပူဇော်ပွဲတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမက(၁၃)တာမွေ၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၀ ရက်က ကျင်းပရာ ပညာရည်ချွန်ဆုရ ဒုတိယတန်းမှ မောင်ဟန်ထူးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းမေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပုသိမ်အသင်း (ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် မတ် ၁၃

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၆)နှစ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတို့ကို ဖေဖော်ဝါရီ ၂၅ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရောဝတီတိုင်းဓမ္မာရုံ၌ ကျင်းပရာ သက်ကြီး ၁၀၈ ဦးတို့အား ပူဇော်ကန်တော့ခြင်း၊ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးတို့အား ဆုချီးမြှင့်ခြင်း **(အပေါ်ပုံ)**နှင့် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးမှ ဥက္ကဋ္ဌအဖြစ် ဦးစိုးဟန်လင်း (သီရိသုဓမ္မဇဏိဇောတရေ) ဦးဆောင်သော အမှုဆောင် ၄၉ ဦးတို့အား ရွေးချယ်တင်မြှောက်ကြပြီး ပုသိမ်အသင်း(ရန်ကုန်)အတွက် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၂၉၅၅၀၀၀ ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

အဆိုပါ ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်သို့ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်က ရွှေဘိုခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်ကို ခရိုင်အတွင်းရှိ မြို့နယ်များအလိုက် စိုက်ပျိုးမှုမှတ်တမ်းများ ထားရှိရေး၊ ယင်းတို့၌ အကောင်းဆုံးမြို့နယ်၏ စိုက်ပျိုးနည်းစနစ်များကို ရွေးချယ်၍ အခြားမြို့နယ်များ၌ လုပ်ဆောင်သွားရေး၊ ပြည်သူများအား ကိုယ်ပိုင်စိုက်ခင်းများစိုက်၍ ဘိုင်အိုဒီဇယ် ထုတ်လုပ်သုံးစွဲသွားနိုင်အောင် လုပ်ဆောင်စေကာ အများပြည်သူတို့အား လက်တွေ့ပညာပေးရေးတို့ကို မှာကြားပြီး ခြံစည်းရိုးကြက်ဆူပင်အစေ့နှင့် အကိုင်းတို့ကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ခြံစည်းရိုးကြက်ဆူပင်အစေ့နှင့် အကိုင်းများကို ပျိုးထောင်စိုက်ပျိုးပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်တွင် ပါဝင်ပျိုးထောင်ကြသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တဂဏန်းစိုက်ပျိုးရေး ပညာပေးစခန်း၌ ပျိုးထောင်ထားရှိပြီးဖြစ်သော ခြံစည်းရိုးကြက်ဆူအစေ့ပျိုးပင်၊ အကိုင်းပျိုးပင်နှင့် ပလတ်စတစ်အိတ်ပျိုးပင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယနေ့ ကျင်းပသော ရွှေဘိုခရိုင် ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်တွင် ပျိုးကိုင်းအပင် ၁၀၀၀၀ နှင့် မျိုးစေ့အပင် ၉၀၀၀၀ စုစုပေါင်း ပျိုးပင် ၁၀၀၀၀၀ ကို ပျိုးထောင်ခဲ့ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေဘို-ကျောက်မြောင်း လမ်းပေါ်ရှိ ရွှေဘိုခရိုင် ကြက်မွေးမြူရေးအထူးဇုန်သို့ ရောက်ရှိကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ကြည်က ရွှေဘိုခရိုင်အတွင်း ကြက်မွေးမြူရေးအထူးဇုန်များ ထူထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကြက်မွေးမြူရေးအထူးဇုန်များ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန်အား တစ်ပတ်လျှင်တစ်ကြိမ် ရောဂါကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်ရေး၊ ကြက်မျိုးနှင့် အစာစပ်စက်ရုံကို မိမိခရိုင်အတွက် ကိုယ်တိုင်တည်ထောင် ထုတ်လုပ်သုံးစွဲရေး၊ ဒေသကြက်မျိုး စီးပွားဖြစ်မွေးမြူခြင်းလုပ်ငန်းကို အားပေးဆောင်ရွက်ရေးမှာကြားပြီး ဇုန်အတွင်း၌ တည်ဆောက်ထားရှိသော ကြက်ခြံများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်မြောင်းလမ်းဆုံ မိုင်တိုင်အမှတ်(၁၂)ရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ရွှေဘိုမြို့နယ်အပိုင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ကြည်က ခရိုင်ချင်းဆက်လမ်း အမှတ်(၃) တပ်ရွာ-ရှိမ္ဘကား-ခရမ်းစပ်ကုန်း ၉၁ မိုင် ၄ ဖာလုံကို ဝက်လက်၊ ရွှေဘို၊ ခင်ဦးနှင့် ကန့်ဘလူမြို့နယ်တို့၌ အပိုင်းအလိုက် တာဝန်ယူတည်ဆောက်နေမှုအခြေအနေ၊ ရွှေဘိုခရိုင်အပိုင်း၌ တံတား ၂၂စင်း၊ ရေကျော် ၁၅ခုနှင့် လမ်းဖြစ် တာဖြစ် ခြောက်ခုဆောင်ရွက်ရန် ကျန်ရှိနေမှုအခြေအနေ၊ လမ်းကို ပေ ၃၀ချဲ့ခြင်း၌ ပေမပြည့်သေးသည့် ၁၃မိုင် ၂ဖာလုံကို ထပ်မံဆောင်ရွက်ရမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး မိုင်တိုင်အမှတ်(၅၇/၂)အနီး လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုနှင့် လမ်းဘေးရှိ ကြံစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၅၉/၆)အနီးရှိ ရွာရင်းချောင်း၌ အရှည်ပေ ၃၀၀၀၊ အမြင့်ပေ ၅၀ ရှိ လမ်းဖြစ် တာဖြစ် ဆည်တည်ဆောက်မည့်နေရာသို့ လည်းကောင်း၊ မိုင်တိုင်အမှတ်(၆၁/၅) ရွှေဘိုမြို့နယ်အဆုံးနှင့် ခင်ဦးမြို့နယ် အစနေရာသို့ လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မိုင်တိုင်အမှတ်(၆၆/၀)အနီး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရွှေဘိုခရိုင် ကြက်မွေးမြူရေး အထူးဇုန်ရှိ ကြက်ခြံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရုံးပင်ကျေးရွာရှိ ခင်ဦးမြို့နယ်အပိုင်း လမ်းတည်ဆောက်ရေးရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က လမ်းတည်ဆောက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဤခရိုင်ချင်းဆက်လမ်းသည် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုသဖြင့် အလေးထား ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၆၆/၅)အနီးရှိ ကျောက်တန်းချောင်း၌ လမ်းဖြစ် တာဖြစ် ဆည်တည်ဆောက်မည့်နေရာသို့ ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျောက်တန်းချောင်း၏ အောက်ခံကျောက်သားများအခြေအနေနှင့် လမ်းဖြစ်တာဖြစ်ဆည် တည်ဆောက်သွားနိုင်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးရွာသုံး ရေအားလျှပ်စစ်ကိုပါ ထုတ်ယူရရှိနိုင်အောင် စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၇၂/၇)ရှိ သင်ပေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအနီး၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြပြီး အခြေခံပညာမူလတန်းကျောင်းအုပ်ကြီး ဦးဆန်းလွင်၏ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၇၃/၇)အနီး၌ လမ်းဖြစ် တာဖြစ် ဆည်တည်ဆောက်မည့် ကုက္ကိုအိုင်ချောင်းသို့ လည်းကောင်း၊ မိုင်တိုင်အမှတ်(၇၄/၇)အနီးရှိ သူဌေးကျွန်းချောင်း၌ တံတားတည်ဆောက်မည့်အခြေအနေကိုလည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) မိုင်တိုင်အမှတ်(၈၀/၃)အနီးရှိ အညာသီဟတော ဘုရားလမ်းခွဲသို့ လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး အညာသီဟတောဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူတော်ငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်းအမှတ်(၃)အတိုင်း မိုင်တိုင်အမှတ်(၈၀/၂)အနီးရှိ သင်ပေါင်းကားကျေးရွာသို့ သွားသောလမ်းထိပ်၌ သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ထွေးနှင့်အဖွဲ့ဝင်များအား တွေ့ဆုံကာ လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၈၂/၀)အနီးရှိ ခင်ဦးမြို့နယ်အဆုံးနှင့် ကန့်ဘလူမြို့နယ် အစနေရာ မိုင်တိုင်အမှတ်(၈၂/၁)နှင့် (၈၂/၂)အကြား၌ သစ်သားတံတားတည်ဆောက်မည့် ကိုဒေါင်ချောင်းနှင့် မိုင်တိုင်အမှတ်(၉၂/၀)အနီး ချောင်းမကြီးချောင်း၌ အရှည်ပေ ၃၀၀၀၊ အမြင့်ပေ ၄၀ ရှိမည့် လမ်းဖြစ်တာဖြစ် ဆည်တည်ဆောက်နိုင်မည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၉၄/၅) ထန်းတောကျေးရွာအနီးရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ကန့်ဘလူမြို့နယ်အပိုင်း လမ်းဖောက်လုပ်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးလွင်က ကန့်ဘလူမြို့နယ်အပိုင်းတွင် လမ်းဖောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းကို အကွေ့အကောက် ပြေပြစ်ရေးနှင့် အနိမ့်အမြင့်ပြေလျော့အောင် လမ်းအူကြောင်းရှာဖွေဆောင်ရွက်ရေး၊ မိုးကာလတွင် ရေကျော်ဝင်ရောက်သည့် နေရာများနှင့် ရေလွှမ်းသည့် အတိုင်းအတာတို့ကို စနစ်တကျမှတ်တမ်းပြုထားရှိရေး၊ လမ်းပိုင်းရှိ လမ်းညွှန်ဆိုင်းဘုတ်များ၊ မိုင်တိုင်များကို ထင်ရှားမြင်သာအောင် စိုက်ထူထားရှိရေး၊ ကျေးရွာတိုင်း၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း၌ ပန်းတိုင်အထွက်နှုန်း ရရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ မြရတနာဆွမ်းစားကျောင်း၌ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ရေဝတအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ထန်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် ခြံစည်းရိုးကာရံရန်အလှူငွေနှင့် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီး ဒေါ်ခင်ဝင်းသို့လည်းကောင်း၊ ကျေးလက်လူငယ်များအတွက် အားကစားပစ္စည်းများကို ဦးလှသောင်းသို့လည်းကောင်း၊ လမ်းအတွက် ထောက်ပံ့ငွေကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးလွင်သို့ လည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၀၃/၇)အနီးရှိ ထူးတွဲချောင်း(၃)၌ သစ်သားတံတား ဆောက်လုပ်မည့်အခြေအနေ၊ မိုင်တိုင်အမှတ်(၁၀၅/၄)ရှိ ဇင်းချောင်း၌ သစ်သားတံတား တည်ဆောက်ရန် စီစဉ်ဆောင်ရွက်မှုနှင့် မိုင်တိုင်အမှတ်(၁၁၆/၆)ရှိ ကြက်ဆင်ကင်ချောင်းအနီး၌ စက်ယန္တရားများဖြင့် မြေသားလမ်းမြေဖို့နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၁၁၄/၇)ရှိ ရွှေဘိုခရိုင်အဆုံးနှင့် ကသာခရိုင်အစ ကောလင်းမြို့နယ်အပိုင်း လမ်းဖောက်လုပ်ရေးရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက လမ်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်းတစ်လျှောက် လမ်းဖောက်လုပ်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ပြိုကျေးရွာသို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးရွာရှိ ကျောင်းသား၊ကျောင်းသူများအတွက် ဗလာစာအုပ်များကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းထံ ထောက်ပံ့ပေးအပ်ကာ ခြံစည်းရိုးကြက်ဆူပင်များကို မဖြစ်မနေ စိုက်ပျိုးကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၃၅/၀)အနီးရှိ ရွှေတန်ကြည်စခန်းသို့ ရောက်ရှိကြရာ သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့အား ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၃၆/၀)ရှိ ကောလင်းမြို့နယ်အဆုံး ထီးချိုင့်မြို့နယ်အစ နေရာသို့ ရောက်ရှိ၍ လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးပြီး ထီးချိုင့်မြို့နယ် လမ်းပိုင်းအခြေအနေ၊ ပတ်ဝန်းကျင်ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မိုင်တိုင်အမှတ်(၁၄၆/၁)အနီးရှိ ချွန်းတောင်ကျေးရွာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ်(၁၄၈/၄) အနီး၌ ထီးချိုင့်မြို့နယ် ကြက်ဆူချောင်းကျေးရွာ၏ ဆီထွက်နေကြာစိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေး၍ မရသိမ်ကျေးရွာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဒိုးပင်ကျေးရွာ၌ ကျင်းပသော ထီးချိုင့်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲသို့ တက်ရောက်ကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူပင်အစေ့နှင့် ပျိုးကိုင်းများကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် ခြံစည်းရိုးကြက်ဆူပင်အစေ့နှင့် အကိုင်း ပျိုးပင်များကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ထီးချိုင့်မြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

★ (၆၂)နှစ်မြောက်မှ

ယင်းသို့ တပ်ပါလေ့ကျင့်မှုများကို ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်၍ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီး မြင့်လွင် ပါဝင်ကာ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ကြီးနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကျော်အောင်တို့ ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုးတို့ ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဇော်ဦးနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်အောင်တို့ ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး စံဝင်းနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းအောင်တို့ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းလွင်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသက်ဝေတို့ ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်မောင်ဆင့်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး သူရိန်ကျော်တို့ ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး နေဝင်းနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ညွန့်တို့ ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက နေပြည်တော် စစ်ရေးပြကွင်းကြီး၌ တပ်ပါ စစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း ဆက်လက်လေ့ကျင့်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် စစ်ရေးပြမှူးကြီး၊ စစ်ကြောင်းမှူးနှင့် တပ်ရင်းမှူးများအား စစ်ရေးပြလေ့ကျင့်မှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတရားရုံးချုပ် ရှေ့နေများကောင်စီ ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် မတ် ၁၃

နိုင်ငံတော်သည် အများပြည်သူယုံကြည်အားကိုးသည့် တရားရေးမဏ္ဍိုင်ခိုင်မာစေရေးအတွက် အဘက်ဘက်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ တရားရုံးချုပ်ရှေ့နေများကောင်စီအနေဖြင့်လည်း ရှေ့နေရှေ့ရပ်များကို အများပြည်သူအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ကြရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် တရားရုံးချုပ်ရှေ့နေတစ်ဦးဦးသည် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာနှင့်တာဝန်ကို ဖောက်ဖျက်သည့်အပြုအမူ တစ်စုံတစ်ရာကျူးလွန်ပါက နစ်နာသူများသည် ကိုယ်တိုင်စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။ ယင်းတို့မှာ ဥက္ကဋ္ဌ ဖုန်း-၀၆၇-၄၀၄၀၈၈၊အတွင်းရေးမှူး ဖုန်း-၀၆၇-၄၀၄၀၈၇၊ဖက်(စ်)၀၆၇-၄၀၄၁၄၆၊ မြန်မာနိုင်ငံ တရားရုံးချုပ်ရှေ့နေများကောင်စီတို့ ဖြစ်သည်။ (သတင်းစဉ်)

အာရှဖြတ် ရထားလမ်းဖောက်လုပ်ရေးကိစ္စ အိန္ဒိယ ပါဝင်လက်မှတ်ရေးထိုးမည်

နယူးဒေလီ မတ် ၁၂

အာရှနှင့် ဥရောပတိုက်များ ဆက်သွယ်ဖောက်လုပ်မည့် အာရှဖြတ်ရထားလမ်း ဖောက်လုပ်ရေး လုပ်ငန်းတွင် ပါဝင်သွားမည်ဖြစ်ကြောင်း သဘောတူလက်မှတ်ရေးထိုးသွားရန် အိန္ဒိယနိုင်ငံက စိုင်းပြင်းလျက်ရှိသည်။

အာရှဖြတ်ရထားလမ်း ဖောက်လုပ်မှုပြီးစီးပါက ဥရောပနှင့် အာရှအကြား ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ အဆိုပါ ရထားလမ်း ဖောက်လုပ်ရေးကိစ္စ သဘောတူလက်မှတ် ရေးထိုးရေး အစီအစဉ်ကို အိန္ဒိယအစိုးရအနေဖြင့် သဘောတူခွင့်ပြုထားပြီး ဖြစ်သည်ဟု အိန္ဒိယ သတင်းနှင့်ပြန်ကြားရေးဝန်ကြီး ပီ၊အာရ်၊ ဒတ်စ်မန်စီက မတ် ၉ ရက်တွင် ပြောကြားသည်။

ယင်းစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများ အနေဖြင့် ရထားလမ်းဖြစ်မြောက်ရေးလုပ်ငန်းကို အကောင်အထည်ဖော်သွားကြမည် ဖြစ်သည်။ ထိုလုပ်ငန်းကိုလက်တွေ့လုပ်ဆောင်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ ဖွဲ့စည်းပြီး လက်တွေ့လုပ်ဆောင်ရန်ကိစ္စကို စိစစ်စဉ်းစားသွားကြရန် ရှိသည်ဟု ဝန်ကြီးက ဆက်လက်ပြောကြားသည်။

လက်မှတ်ရေးထိုး

အာရှဖြတ်ရထားလမ်းဖောက်လုပ်ရေးကိစ္စကို ကုလသမဂ္ဂ အစည်းအဝေးအမှတ် ၆၂က ၂၀၀၆ခုနှစ် ဧပြီလတွင် ဆုံးဖြတ်ခဲ့ပြီး ပါဝင်လက်မှတ်ထိုးကြရန် ခွင့်ပြုထားသော အချိန်ကို ၂၀၀၈ခုနှစ် ဒီဇင်ဘာလအထိ ဖွင့်လှစ်ပေးထားသည်။ လောလောဆယ်အချိန်အထိ ရုရှား၊ တရုတ်၊ အီရန်၊ တူရကီ၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ သီရိလင်္ကာ၊ နီပေါနှင့် လာအိုနိုင်ငံအပါအဝင် ၁၈နိုင်ငံတို့က စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားကြပြီး ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ နယူးယောက်ဈေးကွက်တွင် ရောင်းချနေရာမှ ပြန်လည်ရုပ်သိမ်းသွားသော အဆစ်အမြစ် ရောင်ကုသသည့် Vioxx ဆေးပုလင်းများကို မတ် ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟောင်ကောင်တွင် ကြက်ငှက်တုပ်ကွေးပိုးတွေ့ရှိ

ဟောင်ကောင် မတ် ၁၂

လွန်ခဲ့သော ရက်အနည်းငယ်က ဟောင်ကောင်၌ တွေ့ရှိရသော ငှက်သေတစ်ကောင်သည် H_5N_1 ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးရခြင်းဖြစ်သည်ကို ဓာတ်ခွဲခန်း စမ်းသပ်မှုများအရ အတည်ပြုနိုင်ခဲ့သည်ဟု ဟောင်ကောင် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေး ဌာနက မတ် ၉ ရက်တွင် ပြောကြားသည်။

ထိုငှက်အသေကို ဟောင်ကောင်တာဝန်ရှိသူများက မတ် ၃ ရက်က သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ H_5N_1 ရောဂါ ဆက်လက်ဖြစ်ထွန်းမှု အခြေအနေများကို လေ့လာစုံစမ်းနေဆဲဖြစ်သည်။

ဌာနဆိုင်ရာများက ပြည်သူများကို တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဂရုပြုကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျာမန်အဘွားအို သန်းဆုထီပေါက်

ဘာလင် မတ် ၁၂

ဂျာမနီနိုင်ငံ ဘာလင်မြို့မှ အသက် (၇၉)နှစ်ရှိ ပင်စင်စား အဘွားအိုတစ်ဦးသည် ထီပေါက်နေသောလက်မှတ်ကို အမှိုက်ပုံးအတွင်း လွှင့်ပစ်ပြီးမှ ထီပေါက်မှန်းသိရ၍ ပြန်လည်ရှာဖွေတွေ့ရှိကာ သန်းကြွယ်ဘွားဘွားဖြစ်လာသော သတင်းတစ်ပုဒ်ထွက်ပေါ်လာသည်။

အဘွားအိုသည် ထီလက်မှတ်ကို အမှိုက်ပုံးအတွင်း လွှင့်ပစ်ခဲ့သည်။ ထို့နောက် ထီပေါက်ကြောင်း သိရှိရသောအခါ ထီလက်မှတ်ကို တစ်အိမ်လုံး မွှေနှောက်ရှာဖွေသော်လည်း မတွေ့ဘဲ ဖြစ်နေသည်။ နောက်ဆုံးတွင်မှ ထီလက်မှတ်ကို အမှိုက်ပုံးအတွင်းမှ ပြန်တွေ့ခြင်း ဖြစ်သည်ဟု ဝက်စ်လိုတိုထီရုံးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ် တည်ငြိမ်အေးချမ်းရေး ဆီးရီးယား ထောက်ခံ

ဒမတ်စကတ် မတ် ၁၂

အီရတ်နိုင်ငံအတွင်း တိုက်ခိုက်မှုများအဆုံးသတ်စေရေး တိုက်တွန်းထားသည့် ဆုံးဖြတ်ချက်ကို ဆီးရီးယားနိုင်ငံက ထောက်ခံကြောင်း၊ ယင်းဆုံးဖြတ်ချက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရေးနှင့် ဂိုဏ်းဂဏ တိုက်ခိုက်မှု ရပ်ဆိုင်းရေးဆိုင်ရာ အမျိုးသားပြန်လည်သင့်မြတ်ရေး အစည်းအဝေး ကျင်းပရန် ဖော်ပြထားကြောင်း အစိုးရသတင်းစာများက ရေးသားသည်။

ကြေညာ

အီရတ်နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးပြန်လည်ရရှိစေမည့် နိုင်ငံရေး ဆုံးဖြတ်ချက်ကို ဆီးရီးယားက ထောက်ခံသည်ဟု ဘဂ္ဂဒက်တွင် စနေနေ့က ကျင်းပသည့် နိုင်ငံတကာ အစည်းအဝေးအပြီး ဆီးရီးယားနိုင်ငံက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ညီလာခံတစ်ရပ် ကျင်းပရန် လိုအပ်မှု၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အငြင်းပွားမှုပြဿနာများကို ဖြေရှင်းရေး၊ ပြည်သူ့စစ်လက်နက်ကိုင်တပ်ဖွဲ့များ ဖျက်သိမ်းရေးနှင့် အီရတ်မှ ပြည်ပတပ်ဖွဲ့များ ရုပ်သိမ်းရန် အချိန်ဇယား သတ်မှတ်ရေးစသည့် ကိစ္စရပ်များ ကြေညာချက်တွင် ပါရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

L.G Philips ကုမ္ပဏီကထုတ်လုပ်သော LCD ရုပ်မြင်သံကြားဖမ်းစက်များကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ မတ် ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါ်တိရစ္ဆာန်ဥယျာဉ်တွင် ကျားငယ်များနှင့် မျောက်ငယ်များ အတူတကွ နေထိုင်နေသည်ကို မတ် ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တန်ဇန်းနီးယား၌ အိဒ်စ်ရောဂါနှင့် ဆက်နွယ်သော ကင်ဆာရောဂါဖြစ်ပွား

ဒါရက်ဆလမ် မတ် ၁၂

တန်ဇန်းနီးယားနိုင်ငံ၌ နှစ်စဉ်ကင်ဆာရောဂါဖြစ်ပွားသူ ၂၀၀၀၀ ကျော်ရှိကြောင်း၊ ကင်ဆာရောဂါကို သတိမူအလေးထားမှု မြှင့်တင်ရန် လိုအပ်ကြောင်း၊ အိပ်ချ်အိုင်ဗွီ/အိဒ်စ်ရောဂါနှင့် ဆက်နွယ်သော အရေပြားကင်ဆာဖြစ်ပွားသူများကို အများဆုံးတွေ့ရကြောင်း ဒါရက်ဆလမ်ရှိ ကင်ဆာရောဂါအထူးကုဆေးရုံကြီးမှ အမှုဆောင်ညွှန်ကြားရေးမှူးက ထုတ်ဖော်လိုက်ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ ကင်ဆာရောဂါဖြင့် သေဆုံးရသူပေါင်းမှာ အိပ်ချ်အိုင်ဗွီ/အိဒ်စ်၊ ငှက်ဖျားနှင့် တီဘီ ရောဂါတို့ဖြင့် သေဆုံးရသူစုစုပေါင်းထက် ပိုမိုလျက်ရှိကြောင်း၊ တန်ဇန်းနီးယားနိုင်ငံ၌ ကင်ဆာရောဂါကြိုတင်ကာကွယ်ရေးနှင့် စောစီးစွာ စိစစ်တွေ့ရှိရေး သုတေသနလုပ်ငန်းအတွက် အထူးလုံ့ဆော်လှုပ်ရှားမှုတစ်ရပ်လိုအပ်လျက်ရှိကြောင်း အရူရှာမြို့၌ ကြာသပတေးနေ့က ကျင်းပခဲ့သည့် နှီးနှောဖလှယ်ပွဲတွင် တီဝါလစ်အင်ဂိုးမားက ပြောကြားသည်။

ဒါရက်ဆလမ်မြို့ ကင်ဆာရောဂါအထူးကုဆေးရုံကြီးက တစ်နှစ်လျှင် လူနာပေါင်း ၂၅၀၀ နီးပါးကိုသာ ဓာတ်ရောင်ခြည်သုံးကုထုံးဖြင့် ကုသပေးနိုင်သည်။

ကင်ဆာရောဂါသုတေသနပြုရန် နှစ်စဉ်အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ လိုအပ်လျက်ရှိကြောင်း၊ ကင်ဆာရောဂါသုတေသနအတွက် ကျန်းမာရေးဘတ်ဂျက်ခွင့်ပြုငွေ၏ သုည ဒသမ ဝ၁ ရာခိုင်နှုန်းမျှကိုသာ လောလောဆယ်ရရှိကြောင်း အင်ဂိုးမားက ပြောကြားသည်။

တန်ဇန်းနီးယားနိုင်ငံ၌ ကင်ဆာရောဂါထိန်းချုပ်ရေးနှင့် ရောဂါပျံ့နှံ့မှုလျော့နည်းရေးအတွက် အမျိုးသားစီမံကိန်းတစ်ရပ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု ဝဲကြီးစံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၃

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု ဝဲကြီးစံပြကျေးရွာသို့ သွားရောက်ရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူ လျာထားဧကပြည့်မီရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျေးရွာဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းနိုင်က ဇီဝဓာတ်ငွေ့သုံးစက်ရုံမှ လျှပ်စစ်ဓာတ်အားထွက်ရှိမှုအခြေအနေ၊ ဖြန့်ဝေ သုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု ဝဲကြီးစံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေး ဆက်လက်ကျင်းပ

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၃

အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်ဖြစ်သော ဦးတင်ခက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ဦးမျိုးသန့် (မောင်ဆုရှင်)၊ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ဦးမောင်ကြီး၊ ဦးမောင်လှ(ခ) ဦးလှမြင့်၊ ဦးကံညွန့်၊ ဦးကျော်ဝင်းထွန်း၊ ဒေါက်တာမောင်မောင်ဝင့်နှင့် ဒေါက်တာမနန်တူးဂျာတို့ တက်ရောက်ကြပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်၊ လုပ်ငန်းကော်မတီရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြုရုံး အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ရက်မှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၉ရက်ထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော အကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို အမျိုးသား ညီလာခံပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရန် စာတမ်းများ ရေးသားပြုစုခြင်းကို ဆောင်ရွက်ကြပြီး ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့နေ ဦးဆက်အောင်-ဒေါက်တာအေးအေးမွန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

အင်တာနက် ကျန်းမာရေးသတင်းများ

သွေးကင်ဆာရောဂါကုဆေးနှစ်မျိုး အန္တရာယ်ရှိ၍ သတိပေးချက်ဖော်ပြရန် သတ်မှတ်ထား

ဝါရှင်တန် မတ် ၁၃

အချို့သောသွေးကင်ဆာ ရောဂါသည်များကို ကုသရာ၌ သုံးစွဲသည့် အမ်ဂျင်ကုမ္ပဏီ(Amgen)နှင့် ဂျွန်ဆင်နှင့်ဂျွန်ဆင်ကုမ္ပဏီ(Johnson & Johnson) တို့မှ ထုတ်လုပ်သော ဆေးဝါးများသည် ဘေးထွက်ဆိုးကျိုး များစွာရှိသည်။ အချို့ကိစ္စရပ်များတွင် လူနာကို သေသည်အထိပင် အန္တရာယ်ပြုနိုင်သည်ဟုဆိုသည်။ ထိုအချက်ကိုဆေးဘူးများပေါ်၌ ထင်ရှားစွာ သတိပေးထားရမည်ဆိုသော ဆုံးဖြတ်ချက်ကို အမေရိကန် အစားအစာနှင့်ဆေးဝါးကြီးကြပ်ရေး အာဏာပိုင်အဖွဲ့က မတ် ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထိုဆေးများကို အမေရိကန်ရှိ လူပေါင်း တစ်သန်းကျော်က သုံးစွဲလျက်ရှိသည်။ ယင်းဆေးများနှင့် ပတ်သက်၍ ဖော်ပြပါထုတ်ပြန်ချက် ထွက်ပေါ်လာသည့်အတွက် ဆရာဝန်များအနေဖြင့်လည်း ထိုဆေးများသုံးစွဲမှုကို သိသိသာသာ လျှော့ချသွားဖွယ်ရာ ရှိသည်ဟုဆိုသည်။

သတိပေးချက်ကို ထင်ရှားစွာ ဖော်ပြရမည်ဆိုသော ဆေးဝါးများမှာ အီရီသရိုပွိုင်တင် (erythropoietin) အမျိုးအစားဆေးဝါးများဖြစ်သည်။ ထိုဆေးကို ဂျွန်ဆင်ဂျွန်ဆင်ကုမ္ပဏီက ပရိုစရစ်(procript)ဟူသော အမည်ဖြင့်လည်းကောင်း၊ အမ်ဂျင်ကုမ္ပဏီက အီပိုကျင်နှင့် အာရာနပ်စ်ဟူသောအမည်ဖြင့်လည်းကောင်း ဈေးကွက်တင်ရောင်းချလျက်ရှိသည်။ ***အင်တာနက်***

အမေရိကန်အစားအစာနှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့က သတိထားသုံးစွဲရန် ကြေညာထားသော သွေးကင်ဆာရောဂါကု ဆေးနှစ်မျိုးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အချိုရည်နှင့် ဆီးချိုရောဂါဖြစ်ပွားမှု ဆက်စပ်ကြောင်း လေ့လာတွေ့ရှိ

နယူးယောက် မတ် ၁၃

သကြားဓာတ်များစွာ ပါဝင်သောအချိုရည်များ သောက်သုံးခြင်းနှင့် အာဟာရမပြည့်ဝသော အစားအစာစားသုံးခြင်းနှစ်မျိုးတို့ကြောင့် ဆီးချိုရောဂါဖြစ်ပွားစေရန်နှင့် အဝလွန်မှုဖြစ်ပွားလာစေရန် အလားအလာကို ပိုမိုတိုးပွားစေသည်ဟု ဆေးပညာလေ့လာမှုတစ်ခုတွင် ဖော်ပြထားသည်။

သကြားများစွာပါဝင်သော အချိုရည်များသောက်သုံးခြင်းသည် ကျန်းမာရေးကို ဆိုးရွားသော အကျိုးသက်ရောက်မှုရှိစေသည်ဟူသည့်အချက်ကို အငြင်းပွားဖွယ်ရာ တစ်စုံတစ်ရာမတွေ့ရဟု ဒေါက်တာကယ်လီဘရောင်နယ်က ပြောကြားသည်။ ၎င်းသည် အမေရိကန်နိုင်ငံ ကွန်နက်တီကတ်ပြည်နယ် နယူးဟာဗင်မြို့ရှိ ယေးလ်တက္ကသိုလ်၏ အစားအစာမူဝါဒနှင့် အဝလွန်မှုလေ့လာရေးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သည်။

၎င်းနှင့်အဖွဲ့သည် လူပေါင်း ၉၁၀၀၀ ကို ရှစ်နှစ်ကြာလေ့လာပြီးနောက် အချိုရည်နှင့် ကျန်းမာရေးဆက်စပ်မှုကို ဖော်ထုတ်တင်ပြခြင်းဖြစ်သည်။ ထိုတွေ့ရှိချက်များကို အမေရိကန်ပြည်သူ့ကျန်းမာရေး ဆေးပညာဂျာနယ်တွင် ရေးသားတင်ပြခဲ့သည်။

ဘရောင်နယ်နှင့် ၎င်း၏အဖွဲ့ဝင်များက လူအများအနေဖြင့် ကျန်းမာရေးအတွက် အချိုရည်သောက်သုံးမှုကို လျှော့ချသင့်သည်ဟု အကြံပြုတိုက်တွန်းထားသည်။ ***အင်တာနက်***

ရာဇဝင်လူဆိုး

ငါးမင်းဆွေ

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ (၉၂)နှစ်မြောက် မွေးနေ့ဖြစ်သည်။ ကျွန်တော်သည် ထိုနေ့နံနက်စောစောတွင် လမ်းလျှောက်ရင်း ဖခင်ဗိုလ်ချုပ်ကို သတိတရ ဖြစ်နေမိသည်။ တလောက သက်ဆိုင်ရာသို့ ကျွန်တော်ပေးပို့ခဲ့သော သတင်းဆောင်းပါးတွင် ဖခင်ဗိုလ်ချုပ်အကြောင်းကို ထည့်သွင်းရေးသားထားသည်။ ယနေ့လို ဖခင်ဗိုလ်ချုပ်၏မွေးနေ့တွင် ဗိုလ်ချုပ်၏ကိုယ်ကျင့်တရားနှင့် မှာကြားပြောဆိုမှုတို့ကို ထည့်သွင်းရေးသားထားသော **"စာရေးဆရာသည် လူမုန်းခံရ၊ အသတ်ခံရတတ်၏"** သတင်းဆောင်းပါး သတင်းစာထဲပါလာလျှင် ဘယ်လောက်ကောင်းမလဲဟု တွေးတောရင်း ခပ်သွက်သွက်လေး လမ်းလျှောက်လာသည်။ လမ်းလျှောက်ရင်းနှင့် နိုင်ငံခြားအသံလွှင့်ဌာနမှ သတင်းများကို နားထောင်လာသည်။ နံနက် ၇ နာရီကျော်သောအခါ လမ်းဘေးပလက်ဖောင်းပေါ်တွင် စာစောင်များ ရောင်းချနေကြပါပြီ။ ထိုနေ့ထုတ် မြန်မာ့အလင်းသတင်းစာတစ်စောင်ကို ဝယ်လိုက်သည်။ သတင်းစာကို လှန်ကြည့်ရာ မော်တင်စွန်းဘုရားအကြောင်းရေးထားသော သတင်းဆောင်းပါးတစ်ပုဒ်ကို တွေ့ရသည်။ အင်း–ငါ့ဆောင်းပါး ဒီနေ့မပါတော့ဟုထင်မိပြီး သက်ပြင်းချလိုက်မိသည်။ အနီးရှိ လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်ကာ RFA၏ ထုတ်လွှင့်ချက်များကို နားထောင်နေမိသည်။ ကော်ဖီတစ်ခွက် သောက်ချလိုက်ပြီး သတင်းစာကို တစ်ရွက်စီပြန်လှန်ကြည့်မိလိုက်တော့မှ **"စာရေးဆရာသည် လူမုန်းခံရ၊ အသတ်ခံရတတ်၏"** ဆောင်းပါး ခေါင်းစဉ်စာလုံးကြီးကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်၍ ဒိန်းခနဲ ရင်ခုန်သွားပါတော့သည်။

ကျွန်တော်(ငါးမင်းဆွေ)၏ ဆောင်းပါး သတင်းစာထဲပါသောနေ့များတွင် RFA က သတင်းသုံးသပ်ချက်နှင့် တွေ့ဆုံမေးမြန်းခန်းများ ထုတ်လွှင့်လေ့ရှိသည်။ ယနေ့ညတွင်လည်း ထိုသို့လုပ်မည်ဟု ထင်မှတ်နေမိသည်။ ကျွန်တော်၏ ဆောင်းပါးထဲတွင် RFA သည် အကြံပက်စက်သူ၊ မဟုတ်မမှန် လုပ်ကြံသတင်းလွှင့်သူအဖြစ် စွပ်စွဲရေးသားထားသည်။ ဤစွပ်စွဲချက်ကို RFA က ပြန်လည်ရှင်းလင်းချေပမည်ဟု ထင်မိသည်။ ၈၈ မျိုးဆက် ကျောင်းသားအုပ်စုတို့ကိုလည်း မြန်မာနိုင်ငံကို အီရတ်နိုင်ငံလိုဖြစ်စေချင်သလား၊ တရုတ်နိုင်ငံလိုဖြစ်စေချင်သလားဟု မေးခွန်းထုတ်ထားသည်။ RFA က ၈၈မျိုးဆက် ကျောင်းသားအဖွဲ့များနှင့် ဆက်သွယ်၍ ထိုမေးခွန်း၏ အဖြေကိုတောင်းမည်ဟု ထင်မိသည်။ သို့သော် အစီအစဉ်သာ ပြီးသွားသည်။ ကျွန်တော့်ဆောင်းပါးနှင့် ပတ်သက်၍ RFA က ပြန်လည်ရှင်းလင်းခြင်း၊ တွေ့ဆုံမေးမြန်းခြင်းတို့ကို မထုတ်လွှင့်ခဲ့ပါ။ RFA သည် ငါးမင်းဆွေ၏စွပ်စွဲချက်များ မှန်ကန်နေ၍လည်းကောင်း၊ ၈၈ မျိုးဆက်ကျောင်းသားတို့က အမေရိကန်၏ ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုဖြင့် ဒီမိုကရေစီအစိုးရအမည်ခံလျက် အုပ်ချုပ်နေသည့်၊အကြမ်းဖက်တိုက်ခိုက်ဖောက်ခွဲငရဲခန်းလို နေ့စဉ်နှင့်အမျှ လူတွေထိခိုက်သေဆုံးနေရသည့် အီရတ်နိုင်ငံကဲ့သို့ မြန်မာနိုင်ငံကို မည်သို့မျှ အဖြစ်မခံနိုင်ကြောင်း သိရှိနေ၍လည်းကောင်း၊ RFAက ငါးမင်းဆွေ၏ဆောင်းပါးကို ဝေဖန်တိုက်ခိုက်မှု မပြုလုပ်နိုင်တော့ပါ။ RFAသည် တစ်ကြိုးတည်းသုတ်ခြေတင် ပြေးပြီဖြစ်ကြောင်း သိရှိလိုက်ရပါတော့သည်။

၁၄–၂–၂၀၀၇ရက်နေ့တွင် ကျွန်တော်သည် ရန်ကုန်မြို့ ကန်ဘဲ့ရှိ မြန်မာ့ဆားနှင့်အဏ္ဏဝါ ဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ရောက်ခဲ့ပြီး ထိုလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူး (MD)နှင့် တွေ့ဆုံခဲ့ပါသည်။ MDနှင့်မတွေ့သည်မှာ တစ်နှစ်ကျော်ခဲ့ပါပြီ။ MD က ကျွန်တော့်ကိုတွေ့သောအခါ ဝမ်းသာအားရဖြင့် "လာကိုမင်းဆွေ၊ ခင်ဗျားဆောင်းပါးတွေကို ကျွန်တော်အားပေးဖတ်ရှုနေတယ်"ပြောရာ ကျွန်တော်က "ဟုတ်ကဲ့ပါ။ ကျွန်တော်လဲ အတွေ့အကြုံတွေနဲ့ ရင်ထဲရှိတာတွေကို ရေးထားတာပါ၊ အခုတော့ ရေးစရာလဲကုန်သလောက်ဖြစ်သွားပြီ။ ဒါကြောင့် စာရေးတာကိုနားပြီး လုပ်ငန်းဘက်ကို ဦးပြန်လှည့်လာတာပါ"ဟု ပြောလိုက်မိသည်။MD က "စာရေးတာကိုတော့ မနားပါနဲ့ဗျာ၊ ရေးစရာအကြောင်းအရာတွေ ထပ်ရလာဦးမှာပါ။ ဆက်ရေးပါ" ဟု တိုက်တွန်းပါသည်။ MD က ထိုသို့တိုက်တွန်းနေသော်လည်း ကျွန်တော်က တုတ်တုတ်မျှ မလှုပ် ဖြစ်နေမိသည်။ MD က ဆက်လက်၍ လုပ်ငန်းကိစ္စပြောပါဦး ဆိုလိုက်မှ ကျွန်တော် လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။

ကျွန်တော်က "MD ကြီးခင်ဗျာ၊ ကျွန်တော်တို့ဆားတောင်သူတွေဟာ ဒီလေးငါးခြောက်နှစ်မှာ တော်တော် ဒုက္ခဖြစ်ကြပါတယ်။ ဆားတွေက စုပုံထွက်ရှိပြီး တစ်နှစ်ထွက်တဲ့ဆား တစ်နှစ်ရောင်းမကုန်ဖြစ်နေကြတယ်။ ဆားဈေးကလဲ ထုတ်လုပ်မှုစရိတ်လောက်တောင်မရပါဘူး။ ဒါကြောင့် ဆားကွင်းတော်တော်များများ ဆားမထုတ်လုပ်နိုင်ဘဲ ရပ်ဆိုင်းထားရပါတယ်။ ပြီးခဲ့တဲ့နှစ်က ရာသီဥတုဖောက်ပြန်လို့ ဒီနှစ်မှာတော့ ဆားဈေးနည်းနည်းကောင်းပါတယ်။ ဒါတောင်မှ တချို့ဆားကွင်းတွေ လုပ်ငန်းရပ်ဆိုင်းထားရတုန်းပါပဲ"ဟု လာရင်းကိစ္စကို ရှင်းပြလိုက်သည်။

ထိုအခါ MDက "ကိုမင်းဆွေပြောတာဟုတ်ပါတယ်။ တလောကပဲ ကျွန်တော်လဲ ကျောက်ဖြူနယ်ဘက်က ဆားကွင်းတွေကို သွားစစ်ခဲ့သေးတယ်။ ဆားတောင်သူတွေ တော်တော်ဒုက္ခရောက်နေကြတာကို မြင်တွေ့ခဲ့ရတယ်။ ဒီတော့ကိုမင်းဆွေက ဘာများအကြံဉာဏ်ပေးချင်လို့ပါလဲ"ဟု ဆွေးနွေးသည်။ ကျွန်တော်က ဆက်၍ "ဟုတ်ကဲ့၊၁၉၈၈ခုနှစ်မတိုင်မီကထက် အခုအခါမှာ ဆားကွင်းဧရိယာဟာ နှစ်ဆကျော်တိုးလာပါတယ်။ ထုတ်လုပ်မှုလဲ နှစ်ဆကျော်သုံးဆနီးပါး တိုးလာပါတယ်။ လူတွေက ဆားဈေးပေါလဲ ဆားကိုပိုစားကြတာ မဟုတ်ပါဘူး။ ဆားဈေးကြီးလဲ ဆားကိုလျှော့စားကြတာမဟုတ်ပါဘူး။ ဆားစားသုံးမှုဟာ ကိန်းသေဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်က ဆားစားသုံးမှု ဘယ်လောက်လိုအပ်တယ်ဆိုတာ တွက်ချက်ပြီး လုပ်ကိုင်သင့်ပါတယ်။ နှစ်ပေါင်းများစွာ ဆားထုတ်လုပ်ခဲ့တဲ့ ဆားမြေတွေဟာ အငန်ဓာတ်လွန်ကဲပြီး စပါးလုံးဝစိုက်လို့မရတော့ပါဘူး။ ဒါပေမယ့် ဒီနောက်ပိုင်း မြေနုကျွန်းပေါ်က လယ်မြေတွေမှာ ဆားလုပ်ကိုင်ကြတဲ့လယ်တွေကတော့ စပါးပြန်စိုက်လို့ ရပါသေးတယ်။ ဒါကြောင့် စပါးလုံးဝမစိုက်နိုင်တဲ့ဆားမြေနဲ့ စပါးပြန်စိုက်နိုင်တဲ့ ဆားမြေတွေကို စိစစ်ခွဲခြားပြီး စပါးလုံးဝမစိုက်နိုင်တဲ့ ဆားမြေတွေကို လန(၃၉)လုပ်ပိုင်ခွင့် ချပေးသင့်ပါတယ်။ ယခင် ခေတ်အဆက်ဆက်က ဆားတစ်ပိဿာကို ငါးပြားအခွန်ဆောင်ရပါတယ်။ ဆားတစ်ဧက ပိဿာတစ်သောင်းခန့်ထွက်ရှိတဲ့အတွက် ဆားတစ်ဧကကို ငွေငါးရာအခွန်ဆောင်ရတဲ့သဘောပါပဲ။ အဲဒီတုန်းက ငွေငါးရာဟာ ရွှေဈေးနဲ့တွက်လျှင် ယခုငွေကျပ်ခြောက်သိန်းလောက်နဲ့ညီမျှပါတယ်။ ဒါကြောင့် လန(၃၉)ရတဲ့ ဆားမြေတစ်ဧကကို အခွန်ငွေငါးသိန်းကောက်သင့်ပါတယ်။ ဒီလိုလုပ်လိုက်ရင် နိုင်ငံတော်မှာ အခွန်ငွေနှစ်စဉ်ကျပ်သိန်းပေါင်း တစ်သိန်းခန့် ရရှိလာမှာဖြစ်ပါတယ်။ ဒီလိုစီမံခန့်ခွဲလုပ်ကိုင်လိုက်ခြင်းဖြင့် နိုင်ငံတော်မှာ စပါးလဲပိုရလာမယ်။ အခွန်ငွေလဲ အများကြီးရလာမယ်။ ဆားတစ်ဧကကို အခွန်ငွေငါးသိန်းဆောင်ရတဲ့အတွက် ဆားတောင်သူတွေကလဲ တစ်ဧကဆားထွက်နှုန်းတိုးအောင် လုပ်ကိုင်လာကြမှာဖြစ်ပါတယ်"ဟု အကျယ်တဝင့် တင်ပြလိုက်ပါသည်။

MD က "ကိုမင်းဆွေပြောတာကလဲ တစ်နည်းပေါ့ဗျာ၊ နောက်တစ်နည်းကတော့ ကျွန်တော်တို့ ဆားတွေကို ပြည်ပဈေးကွက်ရဖို့ ဈေးကွက်ရှာရမှာဖြစ်ပါတယ်။ နောက်ပြီး နိုင်ငံတော်မှာ စက်မှုလုပ်ငန်းတွေတိုးတက်လာရင် ဆားလိုအပ်ချက်က အများကြီးရှိလာပါလိမ့်မယ်။ ထိုင်းနိုင်ငံမှာဆိုရင် ဆားသုံးစွဲမှုအချိုးဟာ စားသုံးမှုက ၃၅ ရာခိုင်နှုန်းရှိပြီး စက်မှုလုပ်ငန်းသုံးက ၆၅ ရာခိုင်နှုန်းရှိပါတယ်။ အဲ့ဒီတော့ စက်မှုသုံးတဲ့ဆားက စားသုံးတဲ့ဆားထက် နှစ်ဆပိုများပါတယ်။ စက်မှုလုပ်ငန်းတွေတိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့ဆားတွေ အများကြီး ထပ်လိုလာဦးမှာပါ"ဟု စနစ်တကျ ရှင်းပြပါသည်။

MD ရုံးခန်းမှ ထွက်လာပြီးနောက် ကျွန်တော်စဉ်းစားကြည့်သည်။ မြန်မာနိုင်ငံတွင် ဆားစားသုံးမှုသည် တန်ချိန် ၁၅၀၀၀၀ (ပိဿာသိန်းတစ်ထောင်ခန့်)ဖြစ်သည်။ ထိုင်းနိုင်ငံမှာကဲ့သို့ စက်မှုသုံးဆားက စားသုံးမှုထက် နှစ်ဆမြင့်တက်လာပါလျှင် နောက်ထပ် ဆားပိဿာသိန်းနှစ်ထောင်ခန့် လိုဦးမည်ဖြစ်သည်။ နိုင်ငံတွင် ဆားလိုအပ်ချက်များလာလျှင် ကျွန်တော်တို့ ဆားတောင်သူများ များစွာအကျိုးရှိလာပါမည်။ နိုင်ငံတော်တွင် ဆားလိုအပ်ချက်များလာရန် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လိုပါသည်။ **နိုင်ငံတော်တွင် စက်မှုလုပ်ငန်းများ တိုးတက်ရန်အတွက် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေကြေးထောက်ပံ့မှု၊ အကူအညီများ၊ နည်းပညာများလိုအပ်ပါသည်။ ကျွန်တော် ဤသို့စဉ်းစားနေစဉ်"ကျွန်မတို့နိုင်ငံ ဒီမိုကရေစီမရသေးခင်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာမလုပ်ကြပါနဲ့ဦး၊ ကမ္ဘာလှည့်ခရီးသည်တွေ မလာကြပါနဲ့ဦး၊စီးပွားရေး ပိတ်ဆို့မှုတွေလုပ်ပေးကြပါ"ဟု ဒေါ်စုကြည်၏ပြောကြားမှုများသည် ကျွန်တော့်နားထဲသို့ စူးရှကျယ်လောင်စွာ ရောက်ရှိလာပါတော့သည်။**

ဒေါ်စုကြည်၏ ထိုသို့အလွဲလွဲအမှားမှား ပြောကြားတောင်းဆိုခဲ့မှုများကြောင့် နိုင်ငံတော်တွင် ဆားလုပ်ငန်းတစ်ခုတည်း ထိခိုက်ခဲ့သည်မဟုတ်ပါ။ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကိုလည်း ထိခိုက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ တစ်နှစ်ငါး၊ ပုစွန်ပြည်ပပို့ကုန် တန်ဖိုး ဒေါ်လာသန်းလေးရာ ဖြစ်နေချိန်တွင် ဗီယက်နမ်နိုင်ငံ၏ တစ်နှစ်ငါး၊ ပုစွန်ပြည်ပပို့ကုန်တန်ဖိုးမှာ ဒေါ်လာသန်းလေးထောင်ဖြစ်နေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဗီယက်နမ်သည် အမေရိကန်ဈေးကွက်ကြီးကို ရရှိထားခြင်းကြောင့်ဖြစ်သည်။ **ကျွန်တော်တို့မှာတော့ ဒေါ်စုကြည်နှင့် NLD တို့၏ တောင်းဆိုချက်ကြောင့် မြန်မာနိုင်ငံကို အမေရိကန်က စီးပွားရေးပိတ်ဆို့ထားသည်။ ဒေါ်စုကြည်နှင့် NLD တို့၏လုပ်ဆောင်ချက်ကြောင့် မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ ထိခိုက်နစ်နာနေကြရသည်။ ထိုအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို မှီခိုအားထားနေရသော အခြေခံလူတန်းစားများနှင့် သူတို့၏သားသမီးငယ်များမှာ ဘဝပျက်ခဲ့ရသည်။ ကျွန်တော်သည် အခက်အခဲများစွာနှင့် ရုန်းကန်နေကြရသော မြန်မာနိုင်ငံသား အခြေခံလူတန်းစားများ၊ သူတို့၏သားသမီးငယ်များနှင့် အတူတူ စားသောက်နေထိုင်ခဲ့ရပါသည်။ သူတို့၏ဘဝများကို မြင်တွေ့ရသည်မှာ အလွန်စိတ်ထိခိုက်စရာကောင်းပါသည်။**

ဒေါ်စုကြည်နှင့် **NLDတို့က ယင်းသို့ နိုင်ငံ့စီးပွားရေးပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းများကို သွေးထိုးလှုံ့ဆော်လုပ်ဆောင်နေချိန်တွင် တပ်မတော်အစိုးရသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ နိုင်ငံနှင့်လူမျိုး ချမ်းသာကောင်းစားရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသည်။** ၂၀၀၁ခုနှစ် ဇန်နဝါရီလအတွင်းက သာကေတ ပုစွန်သားဖောက်စခန်းတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက "ဗိုလ်ချုပ်တို့က ကိုယ့်လူမျိုးတွေကို သိပ်ချမ်းသာစေချင်တာ၊ ဒါကြောင့် ဗိုလ်ချုပ်တို့လဲ နေ့မအားညမနား ဆောင်ရွက်နေကြတယ်၊ ကိုယ့်လူမျိုးတွေကလဲ ကျရာနေရာ၊ ကျရာအခန်းကဏ္ဍကနေ ကြိုးစားလုပ်ဆောင်ကြပါ"ဟု တိုက်တွန်းပြောကြားခဲ့ပါသည်။ ပြန်ခါနီးတွင် ဗိုလ်ချုပ်ကြီးက ကျွန်တော့်အား "ဘာလိုသေးလဲဦးမင်းဆွေ"ဟု မေးသွားပါသေးသည်။ နောက်တစ်လခန့်အကြာတွင် ကိုယ့်လူမျိုးတွေကို ချမ်းသာကောင်းစားစေချင်သော ဗိုလ်ချုပ်ကြီးတင်ဦးသည် နိုင်ငံနှင့်လူမျိုး ချမ်းသာ ကောင်းစားရေးအတွက် ဆောင်ရွက်ရင်း ရုတ်တရက် ကွယ်လွန်ခဲ့ရပါသည်။

မဆလခေတ်က ချွတ်ခြုံကျခဲ့ရသော၊ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်ခဲ့ရသော နိုင်ငံတော်ကို တပ်မတော်အစိုးရနှင့်ပြည်သူတို့လက်တွဲ၍ ပြန်လည်ထူထောင်ခဲ့ကြပါသည်။ ဤသို့ နိုင်ငံတော်ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ဒေါ်စုကြည်နှင့် NLDတို့သည် အတူတကွပူးပေါင်းပါဝင်လုပ်ကိုင်သင့်ပါသည်။ ထိုသို့ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်ကြပါလျှင် ယခုအခါ ကျွန်တော်တို့နိုင်ငံသည် ဗီယက်နမ်နိုင်ငံကဲ့သို့ အာရှ၏ကျားပေါက်တစ်ကောင် ဖြစ်နေလောက်ပါပြီ။ နိုင်ငံ့အကြီးအကဲများသည် ထိုသို့ပူးပေါင်းဆောင်ရွက်နိုင်ရန် ဒေါ်စုကြည်နှင့် အကြိမ်ကြိမ်တွေ့ဆုံခဲ့ကြပါသည်။ သို့သော် ဒေါ်စုကြည်က ပူးပေါင်းဆောင်ရွက်ရန် လက်မခံဘဲ အာဏာလွှဲပေးရေးကိုသာ တောင်းဆိုခဲ့ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

မဆလခေတ်က ချွတ်ခြုံကျခဲ့ရသော၊ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ဖြစ်ခဲ့ရသော နိုင်ငံတော်ကို တပ်မတော်အစိုးရနှင့်ပြည်သူတို့လက်တွဲ၍ ပြန်လည်ထူထောင်ခဲ့ကြပါသည်။ ဤသို့နိုင်ငံတော် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် ဒေါ်စုကြည်နှင့် NLD တို့သည် အတူတကွ ပူးပေါင်းပါဝင် လုပ်ကိုင်သင့်ပါသည်။ ထိုသို့ ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်ကြပါလျှင် ယခုအခါ ကျွန်တော်တို့နိုင်ငံသည် ဗီယက်နမ်နိုင်ငံကဲ့သို့ အာရှ၏ ကျားပေါက် တစ်ကောင် ဖြစ်နေလောက်ပါပြီ။ နိုင်ငံ့အကြီးအကဲများသည် ထိုသို့ပူးပေါင်း ဆောင်ရွက်နိုင်ရန် ဒေါ်စုကြည်နှင့် အကြိမ်ကြိမ် တွေ့ဆုံခဲ့ကြပါသည်။ သို့သော် ဒေါ်စုကြည်က ပူးပေါင်းဆောင်ရွက်ရန် လက်မခံဘဲ အာဏာလွှဲပေးရေးကိုသာ တောင်းဆိုခဲ့ပါသည်။

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဒေါ်စုကြည်နှင့် NLD တို့သည် တပ်မတော်ကို အကောင်းမမြင်ခဲ့ကြပါ။ တပ်မတော်ခေါင်းဆောင်တို့သည် အာဏာကို ဖက်တွယ်ထားသည်ဟု အဆိုးမြင်ခဲ့ကြသည်။ တပ်မတော်သားဆိုသည်မှာ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် လိုအပ်လာလျှင် မိမိအသက်ကိုပင် မက်မောဖက်တွယ်ထားသူများ မဟုတ်ကြပါ။ တပ်မတော်သားတို့သည် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် လိုအပ်လာလျှင် မိမိအသက်ကို စွန့်လွှတ်ခဲ့ကြသူများ၊ စွန့်လွှတ်နိုင်ကြသူများ၊ အသက်ကိုစွန့်လွှတ်ရန် လေ့ကျင့်ပြင်ဆင်ထားသူများဖြစ်ကြပါသည်။ ထို့ကြောင့် အသက်ကိုပင် မမက်မောသော တပ်မတော်သားတို့ကို အာဏာမက်သူဟုပြောဆိုခြင်းသည် အမနာပ ပုတ်ခတ် စွပ်စွဲခြင်းသာ ဖြစ်နေပါသည်။

တပ်မတော်အစိုးရကသာ နှိုင်းနှိုင်းချိန်ချိန်မပြုဘဲ NLD **က တောင်းဆိုသည့်အတိုင်း** NLD**ကိုအာဏာလွှဲလိုက်ပါလျှင်နိုင်ငံတော်သည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရကာစ အခြေအနေမျိုးသို့ ရောက်သွားနိုင်ပါသည်။** ပြည်သူလူထုရွေးချယ်တင်မြှောက်ခဲ့သော ဖဆပလအစိုးရ လက်ထက်တွင် နိုင်ငံတစ်ဝန်း စစ်မီးတောက်လောင်ခဲ့သည်။ အင်းစိန်နှင့် မင်္ဂလာဒုံတစ်ဝိုက်တွင်ပင် တိုက်ပွဲကြီးများဖြစ်ပွားခဲ့ကြသည်။ ယနေ့ခေတ်ပေါ်လက်နက်တို့က လွန်ခဲ့သောအနှစ်ငါးဆယ်က လက်နက်တို့ထက် များစွာဖျက်အားပြင်းထန်ကြသည်။ ထို့ကြောင့် NLD ကိုသာ အာဏာ လွှဲပေးလိုက်လျှင် နိုင်ငံတော်သည် ယနေ့အီရတ်နိုင်ငံအခြေအနေသို့ ဆိုက်ရောက်သွားနိုင်ပါသည်။

မြန်မာနိုင်ငံသားတို့၏ စိတ်ထဲတွင် တိုင်းရင်းသားအချင်းချင်း အေးအတူပူအမျှ အတူတူလက်တွဲ နေထိုင်လိုသော ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာစွာ ဖြစ်ထွန်းရေးသည် အလွန်အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ် အမြစ်တွယ်ခိုင်မာအောင် ဦးစွာပထမ အုတ်မြစ်ချ အခြေတည်ပြီးမှ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးသင့်ပါသည်။ ထို့ကြောင့် အတွေ့အကြုံရင့်ကျက်သော၊ အမြော်အမြင်ကြီးမားသော၊ ခေါင်းအေးအေးထား ဆောင်ရွက်တတ်သော တပ်မတော်အစိုးရသည် နိုင်ငံတော်အတွင်း စစ်မီးတောက်လောင်ပြီး ပြည်ထောင်စုကြီး ပြိုကွဲမသွားစေရန်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ညင်သာချောမွေ့အောင် ဖော်ဆောင်နေရခြင်းဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် နိုင်ငံတော်ကို NLD လက်ထဲသို့ ဝကွက် မအပ်ခဲ့ခြင်းသာဖြစ်ပါသည်။

ဒေါ်စုကြည်နှင့်NLDတို့သည် အာဏာမရသောအခါ နိုင်ငံတော်၏စီးပွားရေးကျဆင်းအောင် နည်းအမျိုးမျိုးဖြင့် လုပ်ဆောင်ခဲ့ကြပါသည်။ နိုင်ငံ့စီးပွားရေးကျဆင်းပြီး အခြေခံလူတန်းစားများ အငတ်ငတ်အပြတ်ပြတ်ဖြစ်မှ ဆူပူအုံကြွမှုကြီးဖြစ်ပေါ်ပြီး သူတို့ဖြတ်လမ်းမှ အာဏာရလာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ဒေါ်စုကြည်နှင့် NLD တို့က ယင်းသို့နိုင်ငံ့စီးပွားရေး ထိခိုက်နစ်နာအောင် လုပ်ဆောင်ခဲ့သဖြင့် မြန်မာနိုင်ငံအတွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် အခြေခံလူတန်းစားများ ထိခိုက်နစ်နာနေကြရပါသည်။ ဒေါ်စုကြည်နှင့်NLDတို့၏လုပ်ရပ်အမှားကြောင့် ကျွန်တော်တို့နိုင်ငံသည် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ပါ။ ကျွန်တော်တို့နှင့်အတူတူ တာထွက်ခဲ့သော ဗီယက်နမ်နိုင်ငံသည် ယခုအခါ ကျွန်တော်တို့ရှေ့သို့ များစွာရောက်ရှိနေပါပြီ။ အဘယ်ကြောင့်ပါနည်း။ ပြည်တွင်း၊ ပြည်ပအဖျက်သမားများကြောင့် ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြီးစီးခဲ့သော အေပက်အစည်းအဝေးသို့ အမေရိကန်သမ္မတဂျော့ဘုရှ်နှင့် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်တို့ တက်ရောက်ခဲ့ကြသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ဗီယက်နမ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ပြီး မြန်မာနိုင်ငံသည် ဗီယက်နမ်ကို အတုယူသင့်ကြောင်း မစားရဝခမန်း ပြောကြားသွားပါသည်။ ဤသို့ အပြုသဘောဆောင်သော အကြံဉာဏ်ကောင်းများ ပေးလာသည့်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအား များစွာကျေးဇူးတင်ရှိပါသည်။ သို့ရာတွင် ဒီမိုကရေစီအရေးကို အကြောင်းပြပြီး တိုင်းပြည်စီးပွားရေးကို အနှောင့်အယှက်ပေးနေသော ဒေါ်စုကြည်လိုလူမျိုး၊ NLDလိုပါတီမျိုး ဗီယက်နမ်နိုင်ငံတွင် မရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး သိသင့်ပါသည်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံကဲ့သို့ စီးပွားရေးဖွံ့ဖြိုးအောင် လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံတွင် ဒေါ်စုကြည်လိုလူမျိုး၊ NLD လိုပါတီမျိုး မရှိသင့်တော့ပါ။

ရပ်ထဲရွာထဲတွင်နေထိုင်ပြီး ရပ်သူရွာသားများကို နှစ်ရှည်လများ ဒုက္ခပေးနေသူကို ရာဇဝင်လူဆိုးဟု ခေါ်ဆိုလေ့ရှိကြသည်။ ဒေါ်စုကြည်နှင့် NLD သည် မြန်မာနိုင်ငံတွင်နေထိုင်ပြီး မြန်မာနိုင်ငံကို ဒုက္ခပေးနေသည်မှာ ၁၈နှစ်ကျော်ခဲ့ပါပြီ။ ထို့ကြောင့် ဒေါ်စုကြည်နှင့် NLD တို့သည် မြန်မာနိုင်ငံ၏ ရာဇဝင်လူဆိုးများဖြစ်နေကြပါပြီ။

ထို့ကြောင့် ရာဇဝင်လူဆိုးများဖြစ်သော ဒေါ်စုကြည်နှင့်NLD တို့သည် မိမိအမှားများကို သိရှိနောင်တရပြီး ပြည်သူလူထုကို ဝန်ချတောင်းပန်ပါ။ နိုင်ငံနှင့် လူမျိုးကို ဒုက္ခအမျိုးမျိုးပေးခဲ့သော NLD ပါတီသည် မိမိပါတီကို မိမိဘာသာဖျက်သိမ်းပေးပါရန် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ကျွန်တော် တောင်းဆိုလိုက်ပါသည်။ ။

မတ် ၁၂ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာစက်မှုဇုန်ရှိ United Wood Industries Co., Ltd စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ဖော်ပြပြီး) (သတင်းစဉ်)

သုခါဝါသရိပ်သာ ၁၀ရက်တရားစခန်း

ရန်ကုန် မတ် ၁၃

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲအမှတ်(၁၈၁)၏ (၅၇)ကြိမ်မြောက် ၁၀ရက်တရားစခန်းပွဲကို ဧပြီ ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပညာဇောတ(မိုးကုတ်ဓမ္မကထိက)မဏိရတနာကျောင်း ဗဟိုလမ်း စမ်းချောင်းမှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ဟောကြားမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများ ဖုန်း-၅၃၇၃၂၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကျိုက်ဝိုင်းဘုရားလမ်းအား စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းကျင်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူးဦး လင်းထွန်းမြင့်တို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး၊ ကျန်းမာရေးနှင့် ညီညွတ်စေရေးနှင့် ယာဉ်သွားလာမှုလွယ်ကူချောမွေ့ စေရေးအတွက် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်နေသောလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် စမ်းချောင်းမြို့နယ် ဗဟိုလမ်းသို့ နံနက် ၆နာရီခွဲတွင်ရောက်ရှိလာပြီး ဗဟိုလမ်းဝဲ၊ ယာတစ်လျှောက်နှင့် ရေနုတ်မြောင်းများ ဖြတ်မြောင်းများ၊ မြေအောက် ရေမြောင်းများ၊ ရေဆင်းနှာပေါက်များရှိ အမှိုက်များ၊နုန်းများ ဆယ်ယူရှင်းလင်းခြင်း၊ရေမြောင်းများအတွင်း ခြင်ယင်များ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ဌာနမှူး ဦးဗိုလ်ဌေးက လုပ်ငန်းဆောင်ရွက်နေမှု၊ ဆက်လက် ဆောင်ရွက်ရန်များကို ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်ရေးနှင့် သန့်ရှင်းရေးကို မပြတ်ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် လှိုင်မြို့နယ် ပါရမီလမ်းဆုံမှ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအထိ ခြောက်လမ်းသွား အင်းစိန်လမ်းမကြီးအား စက်ယန္တရားကြီးများဖြင့် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာ ခင်းကျင်းနေမှု၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းအား စက်ယန္တရားကြီးများဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းကျင်းနေမှုကိုကြည့်ရှုစစ်ဆေးပြီး ဌာနမှူးဦးဗိုလ်ဌေးနှင့်တာဝန်ရှိသူများအား ပွင့်လင်းရာသီတွင်စီမံချက်ချဆောင်ရွက်နေသည့် လုပ်ငန်းအားလုံး မိုးရာသီမတိုင်မီ စံချိန်စံညွှန်းပြည့်ဝစွာ အပြီးဆောင်ရွက်ရေးမှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ ကျိုက်ဝိုင်းဘုရားလမ်းနှင့် အင်းစိန်လမ်းထောင့်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီပိုင် မြေအောက်ထပ်အပါအဝင် ခုနစ်ထပ်ရှိ အဆောက်အအုံသို့ ရောက်ရှိလာရာ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာအောင်သန်းတို့က မြေအောက်ထပ်မှ အပေါ်ဆုံးအလွှာအထိ အဆောက်အအုံ၏ အခြေအနေများကို လိုက်လံပြသရာ မြို့တော်ဝန်က ဆက်လက်ဆောင်ရွက်ရမည့်အပိုင်းများကို ကဏ္ဍအလိုက် အခန်းများ ထပ်မံဖွဲ့စည်းရမည့်အပိုင်းများကို ဆွေးနွေးမှာကြားသည်။ (၁၉)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၁၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမာက စတုတ္ထတန်းကျောင်းသား မောင်စိုးရန်နိုင်အား လက်မှတ်ပေးအပ်စဉ်။ (ပညာရေး)

ပဋ္ဌာန်းစွမှုပ္ပာဒ်သင်တန်း ကလေးတရားစခန်းပွဲ

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် သဇင်ရေကျော်ကျောင်း ပဓာန နာယက ဆရာတော် ဦးဉာဏောဘာသ (သာသနဓဇ ဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ) ကိုယ်တိုင် မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ ၅ ရက်စခန်းကို မှော်ဘီမြို့ အောင်မင်္ဂလာကျေးရွာအနီး လေထီး(၁၆)ဂိတ် သဇင်ရေကျော်တိုက်ခွဲတွင် ဖွင့်လှစ်မည်ဖြစ်ပြီး စခန်းဝင်လိုသော ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူယောဂီများ မတ် ၂၉ ရက် ညနေ ၅ နာရီထက်နောက်မကျဘဲ ကြွရောက်ကြပါရန်နှင့် ဦးရေကန့်သတ်မှု ရှိပါသဖြင့် ဖုန်း-၆၆၄၈၆၆ နှင့် ၆၂၁၀၅၂ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

❏ ကာကွယ်ရေးဝန်ကြီးဌာနမှ

အဆိုပါလေယာဉ်ကွင်း၏ မူလလေယာဉ်ပြေးလမ်းမှာ အရှည်ပေ ၄၇၀၀၊ အကျယ်ပေ ၇၀၊ လမ်းသား ၁၂လက်မထူသည့် ကျောက်ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး ပြေးလမ်းမှာ ရေပြင်ညီမဟုတ်ဘဲ လက်ရှိပြေးလမ်း အနေအထားအတိုင်း အနိမ့်အမြင့်ဖြင့် တည်ဆောက်ထားကာ F-27 ဖော်ကာလေယာဉ်များသာ ဆင်းသက်နိုင်သည်။

လေယာဉ်ပြေးလမ်းသစ်ကို အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀၊ လမ်းသားလေးလက်မအထူ ကတ္တရာကွန်ကရစ်ပြေးလမ်းအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျိုင်းတုံလေဆိပ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ကျိုင်းတုံမြို့တွင်းသို့ဖြတ်ကာ ကျိုင်းတုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် သစ်တစ်ပင်တောင် အပန်းဖြေစခန်းသို့ သွားရောက်၍ (အလောင်းမင်းတရားကြီးလက်ထက် ၁၇၅၃ ခုနှစ်)ခရစ်သက္ကရာဇ် ၁၁၁၅ခုနှစ်က စိုက်ပျိုးခဲ့သည့် အမြင့် ၂၁၈ပေ၊ ရင်စို့လုံးပတ် ၃၆ပေ ၈လက်မ၊ အောက်ခြေလုံးပတ် ၃၉ပေ ၁၀လက်မရှိ ကညင်ဖြူပင်ကြီးကို ကြည့်ရှုလေ့လာကြကာ အပန်းဖြေစခန်းပေါ်မှ ရော်ဘာစိုက်ခင်းနှင့် ကျိုင်းတုံမြို့၏ သာယာလှပမှုကိုကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ နောင်တုံကန်၏သာယာလှပမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားသို့ ရောက်ရှိကြပြီး မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ရေချမ်း၊ ဆီမီး၊အမွှေးနံ့သာတို့ဖြင့် ဖူးမြော်ကြည်ညိုကြကာ အလှူငွေများလှူဒါန်းပြီး ဧည့်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ (၁)ရပ်ကွက်၌ တည်ထားကိုးကွယ်သော ခေမရဋ္ဌ ဗျာဒိတ်တော်ပေး ရုပ်တော်မှုဘုရားကြီးသို့ ရောက်ရှိကြပြီး ရုပ်တော်မှုဘုရားကြီးအား ပန်း၊ရေချမ်း၊ဆီမီး၊အမွှေးနံ့သာတို့ဖြင့် ဖူးမြော်ကြည်ညိုကြကာ အလှူငွေများလှူဒါန်းပြီး ဧည့်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြပြီးနောက် ကျိုင်းတုံမြို့တွင် ညအိပ်ရပ်နားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

➪ မျိုးဆက်သစ်မှ

ထိန်းသိမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က ဆရာ၊ ဆရာမများ အရည်အသွေးပြည့်ဝရေး သင်တန်းပို့ချမှု အခြေအနေများ၊ ဘာသာရပ်သင်ဆရာများ ရွေးချယ်သင်တန်းပို့ချပေးမှု၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းရန် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်သစ် ထူထောင်ရာတွင် ဒေသများ အေးချမ်းသာယာပြီး စီးပွားရေးအခြေခံ တောင့်တင်းခိုင်မာရန် လိုကြောင်း၊ ထို့အတူ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့သည်လည်း အခြေခံကျသောကဏ္ဍများဖြစ်ကြောင်း၊ ကျန်းမာပြီးပညာရည်မြင့်မားတိုးတက်မှသာ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များအား ပြည်ထောင်စုစိတ်ဓာတ်နှင့်မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် ဆရာ၊ဆရာမများက မူလတန်းအရွယ်ကစတင်ကာ ပြုစုပျိုးထောင်ပေးရန်လိုကြောင်း၊ အလားတူ ပြည်သူများအတွင်းသို့လည်း စိမ့်ဝင်ပျံ့နှံ့အောင် ပညာရေးဝန်ထမ်းများက ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ယနေ့ကျောင်းများ၏ အသွင်သဏ္ဍာန်ကို နိုင်ငံတော်နှင့် ပြည်သူပူးပေါင်း၍ ပြည့်စုံအောင် ဆောင်ရွက်ပေးထားသကဲ့သို့ အနှစ်သာရအားဖြင့်လည်း စစ်မှန်သော ပညာတတ်များ ပေါ်ထွက်လာပြီး နိုင်ငံတော်၏ပညာရွှေအိုးများဖြစ်လာအောင် ဆရာ၊ ဆရာမများက အသိရှိရှိ၊ သတိရှိရှိဖြင့် စေတနာထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် တစ်နိုင်ငံလုံး၌ အောင်ချက်တတိယဆင့် ရရှိထားကြောင်း၊ထိုရရှိထားသည့် အဆင့်မကျရေးနှင့် အဆင့်တိုးတက်ရေးကို ဆရာဆရာမများက ဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း၊ ဆရာဆရာမများသည် ပညာသင်ကြားရေးကဏ္ဍတွင် မိမိတတ်ကျွမ်းသည့် ဘာသာရပ်များ သင်ကြားရေးကို ယခုလာမည့် ကျောင်းဖွင့်ချိန်အမီ ပြန်လည်ပြုပြင်၍ သင်ကြားမှုမှန်ကန်အောင် ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဆရာဆရာမများသည် ကျောင်းသင်ခန်းစာများ သင်ကြားပို့ချခြင်းများအပြင် ယခုအချိန်တွင် ပြည်ပယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်မှုကို ကာကွယ်ဟန့်တားနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဝတ်စားဆင်ယင်မှုအပိုင်းများတွင်လည်း ရှေ့ဆောင်လမ်းပြဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ၊ ဆရာမများက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ဆရာမများ၊ ပညာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ ဆိပ်ငယ်တံတားမှ အမြန်ရေယာဉ်ဖြင့်သရက်ချောင်းမြို့ ဆင်ဖြူပြင်ဆိပ်ကမ်းသို့ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာအုပ်စုသို့ ရောက်ရှိပြီး "ချောင်းရှည်ချောင်း" ချောင်းကောတူးဖော်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ထားဝယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်က ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးစိုက်ပျိုးမှု အခြေအနေ၊ ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးစိုက်ပျိုးမည့် အစီအစဉ်များ၊ ကနိုင်းဒါကျေးရွာ ချောင်းကောမြောင်းကော တူးဖော်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး ချောင်းရှည်ချောင်းကော တူးဖော်ခြင်းဖြင့်မြေဧက ၅၀ ရေငန်ဝင်ရောက်မှု ကာကွယ်နိုင်မှု ရေတော်မိုးတော် ဧက ၅၂၈ ဧက အကျိုးပြုနိုင်မှုနှင့် ချောင်းဖြတ်ရေထိန်းတံခါး ဆောက်လုပ်ပါက လယ်မြေများ ရေငန်ဝင်ရောက်မှု ကာကွယ်နိုင်ပြီး နွေရာသီတွင် ကျန်ရှိသော ရေချိုဖြင့်နွေစပါး စိုက်ပျိုးနိုင်မှုနှင့် တူးဖော်ရရှိသည့် နုန်းမြေများကို လယ်များတွင် ထည့်သွင်းပါက မြေချဉ်ငန်ဓာတ်တက်လာပြီး စပါးအထွက်တိုးနိုင်သဖြင့် စနစ်တကျ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

အဆိုပါထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာအုပ်စု ချောင်းရှည်ချောင်းကောကို ကိုယ့်အားကိုယ်ကိုး တူးဖော်နေရာ စုစုပေါင်းပေ ၃၄၀၀၌ တူးဖော်ရန် ပေ၁၅၆၀ ကျန်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်တက္ကသိုလ် တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ထားဝယ်တက္ကသိုလ် သတ္တဗေဒပါမောက္ခ ဒေါက်တာ ဒေါ်သက်သက်မြင့်က တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ ကျောင်းသားဦးရေ၊ ပို့ချသည့် ဘာသာရပ်များ၊ မြို့နယ်အလိုက်ကျောင်းသားဦးရေ၊တက္ကသိုလ် ကျောင်းဆောင် တည်ဆောက်ပြီးလုပ်ငန်းများနှင့် တည်ဆောက်ဆဲလုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Evergreen Fine Arts Co., Ltd. မှ မန်နေဂျာ ဦးအောင်ကျော်ဦးက အလျား ၅၀၇ ပေ၊ အနံ ၃၀၇ပေရှိ လေးထပ်ပင်မဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းရန် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအဆင့် သတ်မှတ်ရာတွင် အေးချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ စီးပွားရေးတောင့်တင်းခိုင်မာမှု၊ ပြည်သူများ၏ကျန်းမာရေး၊ ပညာရေးတိုးတက်မှု စသည့်စံနှုန်းဖြင့် သတ်မှတ်လေ့ရှိကြောင်း၊ ပြည်သူများကျန်းမာပြီး ပညာရည်မြင့်မားတိုးတက်မှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်ကရွှေအိုးသဖွယ် လူငယ်ရတနာများ ဖြစ်လာအောင် ဆောင်ရွက်ပေးရေး၊ အသွင်သဏ္ဍာန်အားဖြင့် ပြည့်စုံလုနီးပါးရှိနေသော်လည်း အနှစ်သာရအားဖြင့် အားနည်းနေမှုကိုကုစားရေးအတွက် ဆရာ၊ ဆရာမများက မိမိတို့တတ်ကျွမ်းထားသည့်ပညာဖြင့် မျိုးဆက်သစ်များအား လူရည်ချွန်၊ လူရည်မွန်များဖြစ်အောင် သင်ကြားပေးရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဘာသာရပ်အလိုက် တတ်ကျွမ်းထက်မြက်သော အဆင့်မီဘွဲ့ရများ ပေါ်ထွန်းလာရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း။

ကျောင်းသား၊ ကျောင်းသူများ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ပြင်ပပယောဂများ ထိုးနှက်ဝင်ရောက်လာခြင်းမရှိစေရန်ကာကွယ်တားဆီးရေး၊ ဆရာ၊ ဆရာမများက ကျောင်းသားများ နိုင်ငံချစ်စိတ်ဝင်လာအောင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် သင်ကြားပို့ချပေးရန် မှာကြားလိုကြောင်း။

တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ပြည်ပယဉ်ကျေးမှု အတုယူမမှားရအောင် ထိန်းသိမ်းလေ့ကျင့်ပျိုးထောင်ပေးကြရန် လိုကြောင်း၊ မျိုးဆက်သစ်လူငယ်များအား လူချွန်လူမွန်များဖြစ်အောင် မွေးထုတ်သင်ကြားပေးရန် တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်သာယာစက်မှုဇုန်(၇)ရှိ Hein Engineering Co., Ltd. တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန် အစွမ်းကုန်ကြိုးစားလျက်ရှိ

ရန်ကုန် မတ် ၁၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ အင်ဂျင်နီယာချုပ် ဦးထွန်းအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် လှိုင်သာယာစက်မှုဇုန်(၇) ဆိပ်ကမ်းသာလမ်း၌ တည်ရှိသော Hein Engineering Co., Ltd. သို့ရောက်ရှိရာ ရှင်းလင်းခန်းမ၌ မန်နေဂျင်းဒါရိုက်တာ ဦးဇာနည်အောင်က Hein Engineering Co., Ltd. ကထုတ်လုပ်သော လျှပ်စစ်ဆိုင်ရာစက်ကိရိယာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးကို အစွမ်းကုန်ကြိုးစားလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်းသို့ စက်ပစ္စည်းများထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုရာ ပထမဦးစွာ သံပြားကွေးစက်ဖြင့် သံပြားများကွေးခြင်း၊ 100% Gas System ဖြင့်လည်ပတ်နေသော Gasifier နှင့် Dual Fuel System ဖြင့်လည်ပတ်နေသော Gasifier များကိုကြည့်ရှုပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ တင်ပို့မည့် Gasifier များကို ကြည့်ရှုကာ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

သီးကုန်းကျေးရွာမှ ဦးစိုးမြင့်၊ ဆီမီးကျေးရွာမှ ဦးရွှေမောင်တို့ ခြောက်ဦးသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဆောမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သောနုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ရပ်များကြောင့် ယင်းပါတီအပေါ် ထောက်ခံမှု၊ စိတ်ဝင်စားမှုမရှိတော့ကြောင်း၊ ၎င်းတို့၏စီးပွားရေးလုပ်ငန်းများကိုသာ ဇောက်ချလုပ်ကိုင်ဆောင်ရွက်သွားလိုသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ ၎င်းတို့၏ ဆန္ဒအလျှောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။(သတင်းစဉ်)

အလက(၁) တာမွေ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ၁၉၅၈ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ထိုနှစ်များတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ကျောင်းသူ ဟောင်းများကအာစရိယပူဇော်ပွဲနှင့် ၂၀၀၈ ခုနှစ်တွင် ကျရောက်မည့် ကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ကျင်းပနိုင်ရေး အလှူငွေပေးအပ်ပွဲကို မတ် ၂၅ရက် နံနက် ၁၀နာရီတွင် ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ရွှေရတုအခမ်းအနားအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဒေါ်အေးမြင့်ကြည် ဖုန်း-၅၅၄၁၇၅၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၅၅၄၁၇၅၊ ကိုသက်တင် ဖုန်း-၇၁၇၅၆၈၊ ကိုသိန်းနိုင် ဖုန်း-၅၅၅၁၇၇၊ ကိုထွေးစံဖြူ ဖုန်း-၂၉၆၄၄၅၊ မတင်မမနိုင် ဖုန်း-၅၅၄၃၆၅၊ မစိုးစိုးသန်း ဖုန်း-၅၄၂၃၈၇၊ ကိုဇော်မင်းထွန်း ဖုန်း-၇၀၄၀၀၃၊ မသင်းသင်း ဖုန်း-၇၀၇၇၇၄၊ ကိုဝင်းနိုင် ဖုန်း-၇၀၇၇၇၄၊ ကိုအောင်လွင် ဖုန်း-၅၉၂၁၀၉ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ

❊ နိုင်ငံတကာ
အချုပ်အခြာနှင့် မြန်မာဖြစ်၏။

❊ နီးနားအိမ်ချင်း
နိုင်ငံချင်းနှင့်
သင်းပင်းဆွေသဟာ၊ မြန်မာဖြစ်၏။

❊ နိုင်ငံသွေးချင်း၊ အချင်းချင်းလည်း
စုစည်းခိုင်မာ၊ မြန်မာဖြစ်၏။

❊ ဟိုနှောက်သည်ပုတ် အနောက်အုပ်စု
မဟုတ်မမှန်၊ ဖွေရှာလုန်ကြ
နေ့ညမပြတ် လုပ်ဇာတ်လေလှိုင်း
မီဒီယာမှိုင်းတိုက် ဖော်တသိုက်နှင့်
တိုက်ခိုက်အခမ့ မရမကဆွဲတင်
ချိန်ခွင်လျှာဖောက်ထိုး
အကြံဆိုးကြံစည်
ဤကမ္ဘာပြည်သူများ၊
လှည့်ဖြားလို့ရမလား။

❊ ဤနေ့ကမ္ဘာ ဤမြန်မာတွင်
ကမ္ဘာသူတွေဝင်ထွက်
ငြိမ်းချမ်းတဲ့ရက်တွေ
ဤမြေရွာတွင် နေ့မှာနေမင်း
ညလမင်းနှင့် အမင်းမင်းရပ်ရွာ
သာသောင့်သာလျက်
ကမ္ဘာလှည့်ခရီးလမ်း
သပြေပန်းနှင့်
ငြိမ်းချမ်းလုံခြုံ
ဘူမိဘုံတွင်
ခိုလှုံကြငှန်း
ဤမြေနန်းမှာ
မြန်မာမှန်း သိစေလော့။ ။

မြနန္ဒာ (မန္တလေး)

ကဝဆရာတော် အရှင်ဝဏ္ဏိသရတရားပွဲများ

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖြူးဆရာတော်၏ တပည့် (ကဝ)အရှင်ဝဏ္ဏိသရ (ဓမ္မာစရိယ-ကမ္မဋ္ဌာနာစရိယ) ဖြူးမဟာစည် နယ်လှည့်ဓမ္မကထိကသည် မတ် ၁၅၊ ၁၆ရက် တွင် ကဝမြို့နယ်၊ ကဒါတ်စိန် စံပြကျေးရွာ (၁၂)ကြိမ်မြောက် မဟာစည်တရားစခန်းပွဲ၊ မတ်၁၈ရက်ညတွင် ခရမ်းမြို့၊ သက္ကာယ်ကုန်း စတုတ္ထအကြိမ် အထူးတရားပွဲ၊ မတ်၃၀၊ ၃၁ရက်တို့တွင် ကဝမြို့နယ်၊ ကံလှကျေးရွာ၊ ဧပြီ ၁၊ ၂ ရက်တို့တွင် ကဝမြို့၊ အောင်ဆုပန်ဦးဝင်းရှိန်၊ ဒေါ်သန်းသန်းဆင့် အလှူပွဲနှင့် ဧပြီ၈၊ ၉ရက်တို့တွင် ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ ကျီးအိုင်အုပ်စု၊ အုန်းတောစုကျေးရွာ တိုင်းလုံးချမ်းသာစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်တို့တွင် ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲပင့်လိုသူများသည် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖုန်း-၀၁-၃၅၀၀၆၈၊၀၁-၅၀၁၈၄၆ လိုင်းခွဲ-၁၈၁သို့ ဆက်သွယ်ပင့်ဆောင်နိုင်ကြောင်း သိရသည်။

(က-ပ)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။
၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။
၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ထိုင်းနိုင်ငံသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာဘန်စန်း၊ ဘွန်နတ်ခ်အား ခန့်အပ်ရန်အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီဖြစ်သည်။

မစ္စတာ ဘန်စန်း၊ ဘွန်နတ်ခ်သည် ၁၉၅၉ခု ဧပြီ ၁၇ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ချူလာလောင်ကွန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(အစိုးရ)ကို ရရှိခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့ကိုမူနိုင်ငံတကာ နိုင်ငံရေးနှင့် စီးပွားရေးဘာသာရပ်တို့ဖြင့် အမေရိကန်ပြည်ထောင်စုရှိ ဒီထရွိုက်တက္ကသိုလ်မှ ရရှိခဲ့သည်။

၎င်းသည် ၁၉၈၃ ခုနှစ်တွင် အမျိုးသားစီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့တွင် မူဝါဒနှင့်စီမံကိန်းစိစစ်ရေးအရာရှိအဖြစ် အစိုးရဝန်ထမ်းလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ အာဆီယံ(ထိုင်း)ညွှန်ကြားရေးမှူးချုပ်ရုံးတွင် သံအရာရှိအဖြစ် စတင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၅ မှ ၁၉၈၇ ခုနှစ်အထိ ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနရှိ နိုင်ငံရေးရာဦးစီးဌာနတွင် အမှုထမ်းခဲ့ပြီး ၁၉၈၉ မှ ၁၉၉၀ပြည့်နှစ်အထိ ဝါရှင်တန်ဒီစီမြို့ရှိ ထိုင်းနိုင်ငံသံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ် ဦးစွာတာဝန်ထမ်းဆောင်၍ နောင်တွင် ပထမအတွင်းဝန်ရာထူးသို့တိုးမြှင့်ခြင်းခံခဲ့ရသည်။ ထို့နောက် ၁၉၉၃ မှ ၂၀၀၁ အထိ ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနရှိ ဌာနခွဲများတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ပြန်ကြားရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး၏ အတွင်းရေးမှူးရုံးအဖွဲ့တွင် ရုံးအဖွဲ့မှူးအဖြစ်လည်းကောင်း နောက်ဆုံးတာဝန် ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၀၃ ခုနှစ်မှစ၍ ယခုအချိန်အထိ လန်ဒန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးတွင် သံအမတ်ရာထူး တာဝန်ကို ထမ်းဆောင်လျက်ရှိသူဖြစ်သည်။

မစ္စတာ ဘန်စန်း၊ ဘွန်နတ်ခ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား နိုင်ငံခြားဧည့်သည်များ တွေ့ဆုံ

ရန်ကုန် မတ် ၁၃

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Longgang District Committee of Shenzhen District Standing Committee Member, Mr. Zhong Xinming ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယမန်နေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာမေခခန်းမသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသရောင်းချလျက်ရှိသောကျောက်စိမ်းအရည်ကျောက်နှင့် ကျောက်စိမ်းအထည်ကျောက်အရိုင်းတုံးများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

အလားတူ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အစိုးရရုံးမှ ညွှန်ကြားရေးမှူးချုပ် Mr. Che Zhiming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၁ ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ Marubeni Corporation မှ အထွေထွေမန်နေဂျာ Mr. T. Naka O နှင့် အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် လည်းကောင်း မြန်မာကွန်ဗင်းရှင်းစင်တာမေခခန်းမသို့ လာရောက်တွေ့ဆုံကြပြီး ခင်းကျင်းပြသရောင်းချလျက်ရှိသော ကျောက်စိမ်းအတွဲများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Longgang District Committee of Shenzhen District Standing Committee Member,Mr,Zhong Xinming ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျောက်စိမ်းအတွဲများတင်ဒါစနစ်ဖြင့် စတင်ရောင်းချ ရတနာကုန်သည် ၃၃၆၁ ဦးတို့ အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် မတ် ၁၃

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများအား တင်ဒါစနစ်ဖြင့် စတင်ရောင်းချမှုကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိမြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

ရှေးဦးစွာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက မတ် ၈ရက်မှ မတ် ၁၂ရက်အထိ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာ၍ မိမိတို့ဝယ်ယူလိုသော ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို တင်ဒါပုံးများ အတွင်းသို့ထည့်သွင်းခဲ့ကြသည်။အဆိုပါ ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးကြပြီး ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် အများဆုံးဝယ်ယူရရှိသူ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ကြေညာရောင်းချပေးရာ ညနေ ၄ နာရီတွင် ကျောက်စိမ်းအတွဲပေါင်း ၆၆၀ ကို ရောင်းချရသည်။ ညနေပိုင်းတွင် ကျောက်စိမ်းအတွဲများကို ဆက်လက်ရောင်းချလျက်ရှိသည်။

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ရောက်ရှိနေကြသော ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် တက်ရောက်လာကြသူများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုမ္ပဏီ ၆၅၂ခုတို့မှ ရတနာကုန်သည် ၁၈၆၁ဦး၊ ထိုင်းနိုင်ငံကုမ္ပဏီ ၃၇ခုတို့မှ ရတနာကုန်သည် ၁၂၀၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ဂျပန်နိုင်ငံ ကုမ္ပဏီကိုးခုတို့မှ ရတနာကုန်သည် ၁၀ ဦး၊ အိန္ဒိယသမ္မတနိုင်ငံ ကုမ္ပဏီနှစ်ခုတို့မှ ရတနာကုန်သည် ခြောက်ဦး၊ အမေရိကန်ပြည်ထောင်စုနိုင်ငံ ကုမ္ပဏီသုံးခုတို့မှ ရတနာကုန်သည်ငါးဦး၊ အီတလီနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်သုံးဦး၊ စင်ကာပူသမ္မတနိုင်ငံ ကုမ္ပဏီငါးခုတို့မှ ရတနာကုန်သည် ၁၀ဦး၊ ကနေဒါနိုင်ငံ ကုမ္ပဏီနှစ်ခုတို့မှ ရတနာကုန်သည်နှစ်ဦး၊ ချက်ကိုစလိုဗက်ကီးယားနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ဩစတြေးလျနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ပြင်သစ်သမ္မတနိုင်ငံ ကုမ္ပဏီနှစ်ခုတို့မှ ရတနာကုန်သည်နှစ်ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၄၃၈ခုတို့မှ ရတနာကုန်သည် ၁၃၃၈ ဦး စုစုပေါင်းပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် ၃၃၆၁ဦးတို့ဖြစ်ကြသည်။

ကျောက်စိမ်းအတွဲများကို မတ် ၁၄ရက်တွင် တင်ဒါစနစ်ဖြင့် ဒုတိယနေ့အဖြစ် ဆက်လက်ရောင်းချသွားမည် ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌဗိုလ်မှူးကြီး ကျော်ကျော်ထွန်းသည် ညနေပိုင်းတွင် မြန်မာကွန်ဗင်းရှင်း စင်တာခန်းမ၌ ကျောက်စိမ်းအတွဲများအား တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၇။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let’s Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ပထဝီ အထူးပြုများ) (ပထဝီဝင်)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၀၀ ၅။ သီချင်းကြီးပဒေသာ
၅:၁၀ ၆။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၅:၂၅ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သုတစုံလင်ရွှေညာဏ်ရှင်
၇:၀၀ ၁၂။ Discovery
၇:၁၀ ၁၃။ ကြေးမုံရိပ်သွင် တေးနုယဉ်
၇:၂၅ ၁၄။ အမှန်ချစ်မှ အချစ်မှန် (ဖြိုးငွေစိုး၊ ထက်ရှား၊ မေနန်းခေါင်) (ဒါရိုက်တာ-ကြည်စိုး)
၇:၃၅ ၁၅။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၇:၄၅ ၁၆။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာအကပဒေသာ ဖျော်ဖြေမှုအစီအစဉ်
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၁၃

၁။ **သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးတွေ့ရှိမှု**

(က) ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရစ်မွေးမြူရေးခြံတစ်ခြံတွင် ရစ်ကောင်ရေ(၁၂၀)မွေးမြူထားရှိသည့်အနက် ၁၂-၃-၂၀၀၇မှ ၁၃-၃-၂၀၀၇အထိ ၆၆ ကောင်သေဆုံးခဲ့သည်။ ရန်ကုန်တိုင်း တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၏ ပဏာမ စစ်ဆေးချက်အရ သံသယဖြစ်ဖွယ် H_5 ဗိုင်းရပ်စ်ပိုးတွေ့ရှိရသဖြင့် Suspected Case အဖြစ် သတ်မှတ်ပြီး ရောဂါအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးအစီအစဉ် (Risk Prevention)အရ လက်ကျန်ကောင်ရေ ၅၄ ကောင်နှင့် ရစ်ခြံအနီးပတ်ဝန်းကျင်ရှိ တိုင်းရင်းကြက် ၂၇ကောင်၊ ဘဲ၁၅ကောင်တို့ကို ရှင်းလင်းသုတ်သင်ခဲ့ကြောင်း။

(ခ) မင်္ဂလာဒုံမြို့နယ် ငုံးမွေးမြူရေးခြံတစ်ခြံတွင် ငုံး၂၃၀၀မွေးမြူထားရှိသည့်အနက် ၁၂-၃-၂၀၀၇နေ့မှ ၁၃-၃-၂၀၀၇နေ့ထိ ငုံးကောင်ရေ ၆၀သေဆုံးခဲ့ပြီး ရန်ကုန်တိုင်း တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၏ ပဏာမ စစ်ဆေးချက်အရ သံသယဖြစ်ဖွယ် H_5 ဗိုင်းရပ်စ်ပိုးတွေ့ရှိရသဖြင့် Suspected Case အဖြစ် သတ်မှတ်ပြီး ရောဂါအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးအစီအစဉ် (Risk Prevention) အရ လက်ကျန်ကောင်ရေ ၂၂၄၀တို့ကို ရှင်းလင်းသုတ်သင်ခဲ့ကြောင်း။

၂။ **တိရစ္ဆာန်ကျန်းမာရေး သတိပေးနှိုးဆော်ချက်**

(က) အထက်ပါဖြစ်စဉ်ကို လေ့လာရာတွင် အဆိုပါခြံများသည် ဇီဝလုံခြုံမှု လွန်စွာနည်းပါးကြောင်း စိစစ်တွေ့ရှိရ၍ ရန်ကုန်တိုင်းမွေးမြူရေးခြံများအနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာ လူ၊တိရစ္ဆာန်၊ငှက်ရိုင်း၊ တိရစ္ဆာန်အစာအိတ်အပါအဝင် လုပ်ငန်းသုံးပစ္စည်းများ အဝင်/အထွက်၊ အသွား/အလာ ကန့်သတ်ထိန်းချုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ အထူးဂရုပြု စီမံဆောင်ရွက်ရန်။

(ခ) ကြက်သေဆုံးမှုရှိပါက ဈေးအတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်းမပြုရန်၊ ကြက်သေကောင်ကို စည်းကမ်းမဲ့လွှင့်ပစ်ခြင်း မပြုဘဲ မြေမြှုပ်ရန်။

(ဂ) တိရစ္ဆာန်အစာအိတ်ဟောင်းများလဲလှယ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်းတို့ကြောင့် ရောဂါကူးစက်လွယ်သဖြင့် အစာအိတ်အဟောင်းများကို ပြန်လည် အသုံးပြုခြင်းမပြုရန်၊ မလွဲမရှောင်သာ၍ ပြန်လည်အသုံးပြုရပါက အစာအိတ်ဟောင်းများကို ဆေးကြော ပိုးသတ်ပြီးမှ ပြန်လည်အသုံးပြုရန်။

(ဃ) မွေးမြူရေးခြံ အတွင်း/အပြင် ကျီးကန်း၊ စာကလေး၊ ခိုများ မဝင်ရောက်နိုင်ရန် လုံခြုံစွာအကာအကွယ်များဖြင့် ဆောင်ရွက်ထားရှိရန်။

(င) ရောဂါဖြစ်ပွားသည့်ခြံရှိ ကြက်၊ ဘဲများ၏ မစင်များကို ရွှေ့ပြောင်းခြင်း၊ သယ်ဆောင်ခြင်းမပြုမီ ပိုးသတ်ဆေးဖျန်းရန်။

(စ) မွေးမြူရေးခြံများတွင် လုပ်ငန်းတာဝန်ယူဆောင်ရွက်နေသည့် မွေးမြူသူများ၊ အလုပ်သမားများအား ကြက်နှင့် ကြက်ထွက်ပစ္စည်းဒိုင်များ၊ ဆိုင်များသို့ မသွားရောက်စေရန်နှင့် ပြင်ပလူများ ခြံအတွင်း မဝင်ရောက်စေရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

လန်ဒန်မြို့ မိုးကုတ် ဝိပဿနာ ရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီ ရတနာ ဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်) သို့ မိဘများနှင့် ဒုတိယပါမောက္ခချုပ် ဦးဘသန်းဟက်အား ရည်စူး၍ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းနေ ဒေါ်သန်းသန်း၊ သားသမီး မြေးမြစ်တစ်စုတို့က ငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။

(က-ပ)

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ဘိုးဘွားနှင့် မိဘနှစ်ပါးအား ဦးထိပ်ထား၍ ရန်ကုန်မြို့ လှိုင်မြို့နယ် တံတားဖြူကန်လမ်း (၁၀)ရပ်ကွက်နေ ဦးဘရာ မိသားစုက ငွေကျပ် ၃၀၀၀၀၀ ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ (ကဝ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပဲခူးတိုင်း(အနောက်ပိုင်း)မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ယင်လုံအိမ်သာခွက်များနှင့် ဆေးဝါးပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ပဲခူးတိုင်း(အနောက်ပိုင်း)မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ယင်လုံအိမ်သာခွက်များနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့တွင် ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က ပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းနှင့် အသင်းအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ပံ့ပိုးကူညီသော ယင်လုံအိမ်သာခွက် ၁၀၀ ကို ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်ထံသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သဇင်နွယ်က တိုင်းကြီးကြပ်အတွင်းရေးမှူး ဒေါက်တာငွေစန်းထံသို့လည်းကောင်း၊ အမှုဆောင်ညွှန်ကြားရေးမှူးက မူကြိုကျောင်းသုံးစာကြည့်တိုက်သေတ္တာနှင့် စာအုပ်များကို တိုင်းကျန်းမာရေးအရာရှိ ဒေါက်တာဒေါ်ခင်ထားနှစ် ထံသို့လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့သည် နံနက်ပိုင်း ရနာရီခွဲတွင် သာယာဝတီမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသားဖွားခန်းသို့ ရောက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် တွေ့ဆုံကာ ကျန်းမာရေးအသိပညာပေးဆွေးနွေးပြီး သားဖွားခန်း၌ အသုံးပြုရန် Clean Delivery Kitအတွက် ငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ပြည်မြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ ကိုယ်ဝန်ဆောင် မိခင်များနှင့် တွေ့ဆုံကာ ရင်းနှီးပွင့်လင်းစွာ ကျန်းမာရေး အသိပညာပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် သားဖွားခန်း ကြီးကြပ်မှုကော်မတီဝင်များနှင့် ဝန်ထမ်းများအား လိုအပ်သည်များကို အကြံပြုမှာကြားပြီး သားဖွားခန်း၌ အသုံးပြုရန် Clean Delivery Kit အတွက် ငွေကျပ်ငါးသောင်းကို ပေးအပ် လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့်အဖွဲ့ဝင်များ၊ တိုင်းကြီးကြပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များအား သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံ၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းများအကြောင်းကိုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့် ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ထောက်ပံ့ပစ္စည်းများကို ပဲခူးတိုင်း(အနောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်အား ပေးအပ်လှူဒါန်းစဉ်။ (မိခင်/ကလေး)

မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန် မတ် ၁၃

ရခိုင်ပြည်နယ် ဌမြို့ မိုးကုတ်ဝိပဿနာတရားစခန်းနှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ခွဲ အမှတ် (၂၀၆)၏ (၂၁)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို မတ် ၃၀ရက်မှ ဧပြီ ၅ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ ရွှေရတနာ ဆရာတော် ဘဒ္ဒန္တ ကောဝိဒ (မိုးကုတ်)နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇ ဓမ္မာစရိယတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋ္ဌိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အင်းစိန် သံဃာ့ဆေးရုံ ဆေးပဒေသာပင်အတွက် အင်းစိန်ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်ဈေးကြီး မြင့်ရတနာရွှေဆိုင် ဦးဘထက် (မြို့နယ်ပညာရေးမှူး-ငြိမ်း) - ဒေါ်တင်မြင့် မိသားစုက ငွေကျပ် တစ်သိန်းကို သံဃာ့ဆေးရုံ ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးသိန်းထံ ပေးအပ်လှူဒါန်းစဉ်။

(၆၁)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။ မျိုးချစ်တပ်မတော်
၅:၁၀	၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၅	၁၄။ လှပ်လှပ်ရှားရှားပုံရိပ်များ
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်"(အပိုင်း-၂၉)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ English Usage
	၁၉။ ဗွီစီဒီကျော်ကြားတေးများ
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း-၁၃)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မတ် ၁၃

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်ကော်မြို့နယ် ပကြဲစံပြ-ဖားတီမာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၂ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်သည့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်တို့ တက်ရောက်အားပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ပကြဲစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆရာတော် သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တစန္ဒိမာအား သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထား၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ တည်ဆောက်နေသည့် ရွှေတိဂုံ ပုံတူ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီတော် တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးများ၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် လွိုင်ကော် သာသနာ့ကက်သလစ် ဆရာတော်ကျောင်းတိုက်၌ လွိုင်ကော် သာသနာ့ဂိုဏ်းအုပ်ဆရာတော် ဆိုတေးရိဖားမော၊ ဖယ်ခုံ သာသနာ့ဂိုဏ်းအုပ်ဆရာတော် ပီတာလှ၊ ခရစ္စတူး သခင်ဘုရားကျောင်း၊ နှစ်ခြင်း ခရစ်ယာန် အသင်းတော်၊ အင်္ဂလန်ကန်အသင်းတော်၊ ကယားဖူး အသင်းတော်၊ ယေဇူး ရွှေနှလုံးတော်ကျောင်းမှ ကျောင်းထိုင်ဘုန်းကြီးများ၊ ကက်သလစ်အသင်းတော်မှ သာသနာ့အကျိုးတော်ဆောင်များနှင့် တွေ့ဆုံကြသည်။ ထိုသို့တွေ့ဆုံရာတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက ဂိုဏ်းအုပ်ဆရာတော်အား ကွန်ပျူတာတစ်စုံ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဂိုဏ်းအုပ်ဆရာတော်များနှင့် ဘုန်းတော်ကြီးများ၊ စစ္စတာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ဘုရားကျောင်းအတွင်းရှိ ကယားရိုးရာယဉ်ကျေးမှု ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် လွိုင်ကော်မြို့နယ် မင်္ဂလာရပ်ရှိ သာဝတ္တိပရိယတ္တိစာသင်တိုက်၌ ပဓာန နာယက ဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တပိဏ္ဍောလဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက စိတ်ထားဖြူစင် ပါရမီရှင်အသင်းမှ လှူဒါန်းသည့် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ကျပ်သိန်း ၂၀ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် လွိုင်ကော်မြို့ ပြည်နယ် ဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး ဘိုးဘွားများနှင့် ဘိုးဘွားရိပ်သာ၌ အသုံးပြုရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် လွိုင်ကော်မြို့ သီရိမင်္ဂလာပုံ (ဟော်ကြီး)ကျောင်း၌ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မတ် ၁၁ရက် ညပိုင်းတွင် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ရပ်ကွက်နှင့် ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို တက်ရောက် အမှာစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ လွိုင်ကော် သာသနာ့ကက်သလစ် ဆရာတော်ကျောင်းတိုက် ဧည့်ခန်းမတွင် လွိုင်ကော် သာသနာ့ဂိုဏ်းအုပ်ဆရာတော်များ၊ ကျောင်းထိုင်ဘုန်းကြီးများ၊ ကက်သလစ်အသင်းတော်မှ သာသနာ့အကျိုးတော်ဆောင်များနှင့် တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀:၃၀	အမုန်ချစ်မှ အချစ်မုန် (ဖြိုးငွေစိုး၊ ထက်ရှား၊ မေနန်းခေါင်၊ ဒေါ်အိအိစိုး)
၇:၀၅	ရိုပါတယ်တရားတော် (အပိုင်း-၁) (ဓမ္မဒူတအရှင်ဆေကိန္ဒ)	၁၀:၄၀	မိုးလေဝသခန့်မှန်းချက်
၇:၄၅	အံ့ဖွယ်ထူးခြားမာရ်အောင်မြင် ပြည်တော်ပြန်ဘုရား) (ဇလွန်မြို့)	၁၀:၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
		၁၁:၁၅	ပြည်တွင်းသတင်းအကျဉ်း
၈:၀၅	တေးဂီတအစီအစဉ်	၁၁:၂၅	တေးဂီတအစီအစဉ်
၈:၁၀	နိုင်ငံတကာအနုပညာရေးရာ	၁၁:၃၀	ခြံတွင်းဥယျာဉ် စိုက်ပျိုးမှုအနုပညာ
၈:၄၀	မိုးထက်သို့ည် ဗုဒ္ဓညီလာခံ	၁၁:၄၀	တေးဂီတအစီအစဉ်
၈:၅၅	Midweek Sports News	၁၁:၄၅	MRTV-4 ကျန်းမာရေးကဏ္ဍ [အိပ်(ချ်)အိုင်ဗီပိုးနှင့် အေအိုင်ဒီအက်(စ်)ရောဂါ] (အပိုင်း-၂)(ဒေါက်တာစစ်နိုင်)
၉:၁၀	တေးဂီတအစီအစဉ်		
၉:၁၅	ပြည်တွင်းသတင်းအကျဉ်း		
၉:၂၅	တေးဂီတအစီအစဉ်		
၉:၃၀	အဖေတူသား	၁၂:၂၀	တေးဂီတအစီအစဉ်
၉:၅၅	တေးဂီတအစီအစဉ်	၁၂:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	သူတို့ပြောတဲ့ သူတို့အကြောင်း (စာရေးဆရာ မိုးဆက်လင်းထက်နှင့် တွေ့ဆုံခြင်း)	၁၂:၃၀	မြန်မာ့လက်ဖက်နှင့် တွဲဖက်အဖော် ကြက်သွန်မွမွကြော်
၁၀:၂၀	နိုင်ငံတကာသတင်းအကျဉ်း	၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Aston Villa– Arsenal	5-Sports(Live)
၂:၀၀	Man;City-Chelsea	5-Series(Live)

ကြေးမုံ ပြည်တွင်းသတင်းမှတ်စု

နွေရာသီအခြေခံ အဘိဓမ္မာသင်တန်း

နွေရာသီ အခြေခံအဘိဓမ္မာရက်တိုသင်တန်းကို ဆူးလေရင်ပြင်တော်ရှိ အဘိဓမ္မာ ပြန့်ပွားရေးအသင်း သင်တန်းခန်းမ၌ ဧပြီ ၂ရက်မှ မေ၃၁ရက်အထိ (စနေ-တနင်္ဂနွေ နေ့များမှအပ) နေ့စဉ် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ၂နာရီအထိ ဓမ္မဒါနပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း လာရောက်သင်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၈၄၅၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

မေတ္တာမွန် ယဉ်ကျေးလိမ္မာသင်တန်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁)ရပ်ကွက် ဇေယျမင်္ဂလာကျောင်းတိုက်၏ ပဓာန နာယက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောကဆရာတော်ဦးစီးဖွင့်လှစ်သော မေတ္တာမွန် ဘုန်းတော်ကြီးကျောင်း ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို ဒုတိယအကြိမ် လှိုင်မြို့နယ် (၁)ရပ်ကွက် ဇေယျမင်္ဂလာကျောင်းတိုက်တွင် မတ် ၂၆ ရက်မှ ဧပြီ၁၂ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ရာ အသက်ခြောက်နှစ်မှ အသက်အရွယ်မရွေး မေတ္တာမွန်သင်တန်း၏ ဦးစီးပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တတိလောက ဇေယျမင်္ဂလာကျောင်းတိုက် (၁)ရပ်ကွက် လှိုင်မြို့နယ် ဖုန်း-၅၀၀၀၈၁ နှင့် ဒေါ်ခိုင်ခိုင်အောင်(မေတ္တာမွန် သင်တန်းမှူး) ၇/က၂ လှိုင်မြစ်လမ်းသွယ်(၂) ၁-ရပ်ကွက် လှိုင်၊ ရုံးခန်း အမှတ်-၂၃၈ (၆)လွှာ ပြည်လမ်း မြေနီကုန်း(တောင်)သို့ ဆက်သွယ် စာရင်း ပေးသွင်းနိုင်သည်။

မီးသတ်ဦးစီးဌာနပြခန်း ပြင်ဆင်မှုများ ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် မတ် ၁၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ (၆၂)နှစ်မြောက် တပ်မတော်နေ့ဆိုင်ရာပြခန်းများ ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်နေသည့် လူမှုရေးဦးတည်ချက်(၄)ရပ် ပြခန်း၊ တိုင်းကျိုးပြည်ပြုလုပ်ငန်းပြခန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြခန်းတို့ရှိ မီးသတ်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။

ကျေးလက်အိမ်ရာဆောက်လုပ်မှုစစ်ဆေး

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ကျေးလက်အိမ်ရာ တည်ဆောက်မှုလုပ်ငန်းများအနက် သားမုန်းကုန်းကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ဖေဖော်ဝါရီ ၂၅ရက်က အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသင်းအောင်တို့ သွားရောက်စစ်ဆေးကြပ်မတ်ဆောင်ရွက် ခဲ့ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

(ကြေးမုံ)

နှလုံးသွေးကြောကျဉ်းရောဂါ ကုသရေး ကုထုံးနှင့် ဆေးဝါးများရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၁၃

ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါဌာနနှင့် USV Limited တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အစီအစဉ်အရ နှလုံးသွေးကြောကျဉ်းရောဂါ ကုသရေးနှင့် စပ်လျဉ်း၍ နောက်ဆုံးတွေ့ရှိသော ရောဂါကုထုံးများ၊ နှလုံးရောဂါနှင့် စပ်လျဉ်းသည့် ဆေးဝါးများအကြောင်း ရှင်းလင်းဟောပြောပွဲကို မတ် ၁၁ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါဌာန ပါမောက္ခ ဒေါက်တာဒေါ်ခင်မေစန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှု အခြေအနေများကို ပဏာမ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါဌာန တွဲဖက်ပါမောက္ခ ဒေါက်တာမျိုးဝင်း**(အပေါ်ပုံ)** က နောက်ဆုံးတွေ့ရှိသော နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးရောဂါဆေးဝါးများနှင့်ကုသနည်းများကိုလည်းကောင်း၊ ကထိက နှလုံးအထူးကု ဆရာဝန်ကြီး ဒေါက်တာတင်လတ်က နှလုံးသွေးကြောကျဉ်းရောဂါ လူနာတစ်ဦးချင်းအား ကုသနည်းဆိုင်ရာ အမျိုးမျိုးကို ရှင်းလင်းဆွေးနွေးဟောပြောကြသည်။

ထို့နောက် USV Limited မှ General Manager, Ms. Jaswinder Gillက Cardimax. SR နှင့် နောက်ဆုံးထုတ် နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးရောဂါဆေးဝါးများအကြောင်းကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းသည်။

နှလုံးသွေးကြောကျဉ်းရောဂါကုသရေး၊ ကုထုံးနှင့် နောက်ဆုံးပေါ်ဆေးဝါးများအကြောင်းကို သိရှိလိုပါက USV Limited No. 3. B.4 , 3F ရန်ကင်းစင်တာ ရန်ကုန်မြို့ ဖုန်း-၅၅၈၀၄၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စုပေါင်းသီလရှင်ဝတ်ပွဲနှင့် တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

သန်လျင်မြို့ အောင်ချမ်းသာ (၁)ရပ်ကွက် ခေမာရာမသီလရှင်စာသင်တိုက်၌ ဧပြီ၁၂ရက်(ကြာသပတေးနေ့)တွင် စုပေါင်းဒုလ္လဘ သီလရှင်ဝတ်ပွဲကျင်းပပြီး စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် ဂန္ဓာရုံကျောင်း နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ သိရိန္ဒဆရာတော်က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းတရားစခန်းကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ဒုလ္လဘသီလရှင် ဝတ်လိုသူများ ဧပြီ ၉ရက် နောက်ဆုံးထား၍ ခေမာရာမ သီလရှင်စာသင်တိုက်သို့စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရွှေစာရံ ကေအမ်ဂေါက်သီးရိုက်ပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ဆုချီးမြှင့်

မန္တလေး မတ် ၁၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့က ကြီးမှူး၍ ၂၀၀၇ ခုနှစ် Shwe Sar Yan KM Golf Open Championship ပြိုင်ပွဲ နောက်ဆုံးပြိုင်ပွဲကို မတ် ၁၁ ရက် နံနက် ၇နာရီခွဲတွင် မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ Professional Golfer မင်းနိုင်နှင့် Amature Golfer အောင်ဝင်း(မုံရွာ)တို့က ပထမဆု ရရှိသွားကြသည်။

နောက်ဆုံးနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfer ပြိုင်ပွဲ၌ မင်းနိုင်က သတ်မှတ်ရိုက်ချက်လေးချက်လျော့ရိုက်ပြီး ၆၈+၇၁+၆၉+၆၈=၂၇၆ ဖြင့် ပထမ၊ စိုးကျော်နိုင်က ၂၇၉ ချက်ဖြင့် ဒုတိယ၊ သိန်းဇော်မြင့်(KM)က ၂၈၂ ချက်ဖြင့် တတိယရရှိကြသည်။

Amature Golfer ပြိုင်ပွဲ၌ အောင်ဝင်း(မုံရွာ)ကသတ်မှတ်ရိုက်ချက်တစ်ချက်လျော့ရိုက်ပြီး ၇၁+၇၁+၇၁+၇၁=၂၈၄ ချက်ဖြင့် ပထမ၊ ဘိုဘိုက ၂၈၉ ချက်ဖြင့် ဒုတိယ၊ စိုးမိုးဝင်းက ၂၉၂ ချက်ဖြင့် တတိယရရှိကြသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ Daily Best ဆုများကို ဦးချမ်းဟန်(အတွင်းရေးမှူး)က လည်းကောင်း၊ Amature ဆုများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional တတိယဆုနှင့် ဒုတိယဆုများကိုလည်းကောင်း ချီးမြှင့်သည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က Professional ပြိုင်ပွဲတွင် ပထမဆုရရှိသူ မင်းနိုင်အား ပထမဆုချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲတွင် KM Golf Centre က အဓိကပံ့ပိုးပြီး Air Bagan, Nikon, Sun Far Travels & Tours, Damco, Heritage Sports & Golf, Bay of Bengal, Aung Kyun Than Shwe Tha Pyay, Imperial Jade, Maruman, Tourstage, Bridgestone Golf တို့က အသီးသီးပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် KM Golf Centre နှင့် Mandalay Golf Association တို့က တာဝန်ယူဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၆၉)

မြန်မာဂေါက်သီးရိုက်အသင်း နှစ်(၆၀)ပြည့် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၁၃

မြန်မာ ဂေါက်သီးရိုက်အသင်း၏ နှစ်(၆၀)ပြည့် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် Club at Home ကို မတ် ၉ရက်မှ ၁၁ရက်အထိ ရန်ကုန်မြို့ ကိုးမိုင် မြန်မာဂေါက်သီးရိုက်အသင်းတွင် ကျင်းပခဲ့သည်။

မတ်၉ရက်တွင် အသက်(၆၀)အထက် သက်ကြီးတန်းပြိုင်ပွဲ ကျင်းပရာ အသင်းသား ၁၅၁ဦး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အသက်(၆၀)နှင့်(၇၀)အကြား ပြိုင်ပွဲ၌ ဦးငြိမ်းကျော်က ပထမ၊ ဦးမျိုးသိန်းက ဒုတိယနှင့် အသက်(၇၀)အထက် ပြိုင်ပွဲတွင် ဦးသန်းလွင်က ပထမ၊ ဦးဆန်နီတင်ထွန်းက ဒုတိယ ရရှိခဲ့သည်။

မတ် ၁၀ရက်တွင် ရွှေ၊ ငွေ၊ ကြေးအဆင့် အကျော်ပေးပြိုင်ပွဲများ ကျင်းပခဲ့ရာ ကြေးအဆင့်တွင် ဦးခင်မောင်လတ်က ပထမ၊ မမေလီက ဒုတိယ၊ ငွေအဆင့်ပြိုင်ပွဲတွင် ဦးဇော်ဝင်းလေးက ပထမ၊ ဦးတင်အေးက ဒုတိယရရှိပြီး ရွှေအဆင့်ပြိုင်ပွဲတွင် ဦးကျော်မြတ်မိုး(မိုက်ကယ်)က ပထမ၊ ဦးရန်နိုင်က ဒုတိယ ရရှိသည်။

Club at Home ပြိုင်ပွဲများကို မတ် ၁၁ရက်တွင်ကျင်းပပြီး ညနေပိုင်းတွင် ဆုပေးပွဲနှင့်အတူ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဆုပေးပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းက ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။

(ကြေးမုံ)

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ပူဇော်သဘင် ကျင်းပမည်

ရန်ကုန် မတ် ၁၃

ပဲခူးတိုင်း၊ မင်းလှမြို့နယ်အသင်း (ရန်ကုန်)မှကြီးမှူး၍ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇတို့က ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ ဝေဠုဝန်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလအား ချီးကျူးပူဇော်ပွဲ ဂုဏပူဇာသဘင်ကို မတ် ၁၈ရက် မွန်းလွဲ၁နာရီတွင် ရွှေကြက်ယက်ကျောင်းတိုက် မြောင်းမြကျောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်၍ အသင်းသူ၊ အသင်းသားများ တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက်ပူဇော်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဒေါက်တာလှမောင် ဖုန်း–၅၃၇၅၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင် ဖုန်း–၅၂၆၇၃၅၊ ၀၉၅၀၁၂၁၄၁၊ အတွင်းရေးမှူး ဦးသန်းစိုး ဖုန်း–၅၃၄၇၃၆၊ ၀၉၅၁၉၂၇၉၁၊ ဦးမြင့်ဆွေ ဖုန်း–၂၅၆၀၃၇၊ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဦး ဖုန်း–၅၀၁၀၅၁နှင့် ဘဏ္ဍာရေးမှူး ဦးဖုန်းတင့် ဖုန်း–၂၂၄၆၅၉၊ ၀၉၅၀၀၉၈၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ထူးခြားသည့် နေ့အပူချိန်များ

(၁၃–၃–၂၀၀၇)

မင်းဘူး၊ သာယာဝတီနှင့် ဟင်္သာတ

၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်

၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ ဒီဂရီဖာရင်ဟိုက်)

ဟင်္သာတမြို့နယ်တွင် မီးလောင်

ရန်ကုန် မတ် ၁၃

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ ရွာသာလက်ခုပ်ပင်ကျေးရွာ၌ ယမန်နေ့နံနက် ၂နာရီခန့်တွင် ဘုရားမီး ပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ပျဉ်ထောင်အိမ် သုံးလုံး၊ တဲအိမ်လေးလုံး မီးလောင်ဆုံးရှုံးကာ လူ ၄၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ပြည်တော်သာရပ်ကွက်ရှိ မြို့နယ်မလွန်ဆန်လှူ သင်းထောက်အဖွဲ့၏ ဇောတိက ဓမ္မာရုံတော်တည်ဆောက်ရေးအတွက် အရှင်ဇဝန(ပဲခူး)က တတိယအကြိမ်အဖြစ် ငွေကျပ် ၁၀၀၀၀၀ နှင့် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရက စတုတ္ထအကြိမ်ငွေကျပ် ၁၀၀၀၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်မလွန်ဆန်လှူ သင်းထောက်အဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးခင်ဇော် လက်ခံရယူစဉ်။

(က–ပ)

အင်တာနက် အားကစားသတင်းများ

စပိန်လက်ရွေးစင်အသင်းတွင် ပါဝင်ခွင့်ရရန် ရာအူးလ် မျှော်လင့်

မဒရစ် မတ် ၁၃

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအတွက် စပိန်လက်ရွေးစင်အသင်းက မိမိအား ပြန်လည်ခေါ်ယူလိမ့်မည်ဟုမျှော်လင့်ကြောင်း ရီးယဲလ်မဒရစ် အသင်းခေါင်းဆောင် ရာအူးလ်ဂွန်ဇာလက်က ယနေ့ပြောကြားသည်။

စပိန်အသင်းသည် ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် မတ် ၂၄ ရက်တွင် ဒိန်းမတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စပိန်လက်ရွေးစင်အသင်း နည်းပြ လူးဝစ်အရာဂိုနက်စ်သည် မကြာသေးမီအချိန်အထိ ရာအူးလ်အား ခေါ်ယူရန် လိုလားခြင်းမရှိခဲ့ပေ။ ရာအူးလ်သည် ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားရသည့် နောက်ဆုံးခြေစစ်ပွဲ၌လည်း ပါဝင်ကစားခွင့်မရခဲ့ပေ။ ၎င်းပြင် ပြီးခဲ့သည့် ဖေဖော်ဝါရီလက မန်ချက်စတာတွင် အင်္ဂလန်အသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲ၌လည်း ပါဝင်ကစားခွင့် မရရှိခဲ့ပေ။

ယူရို ၂၀၀၈ ခြေစစ်ပွဲကို ရီးယဲလ်မဒရစ်အသင်း၏ ဘာနေဘူးအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ရာအူးလ်အား လက်ရွေးစင်ဘောလုံးသမားအဖြစ် ပြန်လည်ခေါ်ယူရန် ၎င်းက လိုလားနေသည်။ ***အင်တာနက်***

ရီးယဲလ်မဒရစ် အသင်းခေါင်းဆောင် ရာအူးလ်။

(ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီးမှ ဘင်ဆာဟာ အစ္စရေးအသင်းတွင် ပါဝင်ကစားမည်

လန်ဒန် မတ် ၁၃

ချယ်လ်ဆီးအသင်းမှ ဆယ်ကျော်သက်ဘောလုံးသမားဘင်ဆာဟာသည် ယူရို ၂၀၀၈ အုပ်စု(င)ခြေစစ်ပွဲတွင် အစ္စရေးလက်ရွေးစင်အသင်း၌ပါဝင်ကစားရန် ရွေးချယ်ခံထားရကြောင်း၊ အစ္စရေးအသင်းသည် ယခုလနှောင်းပိုင်းတွင် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက်(၁၇)နှစ်အရွယ်ရှိ ဆာဟာသည် ယူရို ၂၀၀၈ ခြေစစ်ပွဲတွင် အစ္စရေးအသင်း၌ ပါဝင်ကစားမည်ဖြစ်ကြောင်း၊ ၎င်း၏ ချယ်လ်ဆီးအသင်းဖော်များဖြစ်ကြသော ဂျွန်တယ်ရီ၊ ဖရန့်လမ်းပတ်နှင့် အက်ရှ်လေကိုးတို့မှာမူ အင်္ဂလန်အသင်းမှ ပါဝင်ကစားမည်ဖြစ်ကြောင်း၊ အင်္ဂလန်အသင်းတွင် ပါဝင်ရန် ကွင်းလယ်ကစားသမား ရှောင်ရိုက်ဖီးလစ်ကိုလည်း ရွေးချယ်ဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ ***အင်တာနက်***



ထိခိုက်ဒဏ်ရာရမှုကြောင့် သုံးလထက်မနည်း အနားယူရမည့် အာဆင်နယ်တိုက်စစ်မှူး ဟင်နရီ။

(ဓာတ်ပုံ–အင်တာနက်)

အာဆင်နယ်တိုက်စစ်မှူး ဟင်နရီ သုံးလထက်မနည်း အနားယူရန်လို

ပါရီ မတ် ၁၃

အာဆင်နယ်အသင်း၏ တိုက်စစ်မှူး သီယာရီဟင်နရီသည် ပေါင်ကြွက်သား နာကျင်မှုဝေဒနာကို ပြင်းထန်စွာခံစားနေရသဖြင့် သုံးလထက်မနည်း ဘောလုံးကစားနိုင်မည်မဟုတ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ပီအက်စ်ဗွီ အိုင်းဟိုဗင်အသင်းနှင့် ယှဉ်ပြိုင်ကစားရသော ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် ဟင်နရီ ထိခိုက်ဒဏ်ရာရရှိခြင်းဖြစ်သည်။ မိမိသည် ထိခိုက်ဒဏ်ရာရမှုကြောင့် အာဆင်နယ်အသင်းတွင် ကစားနိုင်မည်မဟုတ်သော်လည်း အာဆင်နယ်အသင်း၏ ထာဝရအသင်းသားအဖြစ်ခံယူရန် ဆန္ဒရှိကြောင်း ဟင်နရီက ပြောကြားသည်။ ***အင်တာနက်***

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံလေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး စံချိန်စံညွှန်းနှင့်အညီဖြစ်ရန် ဆောင်ရွက်ရေး၊ သတ်မှတ်ချိန်မီပြီးစီးရေး မှာကြား

နေပြည်တော် မတ် ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန်ယမန်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံလေဆိပ်သို့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်း အထူးအဖွဲ့(၁)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျိုင်းတုံလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက ကျိုင်းတုံလေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်အပိုင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး စက်ယာဉ်များဖြင့်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်ရေး၊ သတ်မှတ်ချိန်မီ ပြီးစီးရေးအတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❏

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

မျိုးဆက်သစ်လူငယ်များ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဆရာ၊ ဆရာမများက မူလတန်းအရွယ်ကစတင်၍ ပြုစုပျိုးထောင်ပေးရန်လို ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့အောင်လည်း ပညာရေးဝန်ထမ်းများဆောင်ရွက်

နေပြည်တော် မတ် ၁၃

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၁ ရက် နံနက် ၈နာရီတွင် မြိတ်မြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမသို့ ရောက်ရှိပြီး တနင်္သာရီတိုင်း အခြေခံပညာကျောင်းများမှဆရာ၊ ဆရာမများ၊ ပညာရေးမှူးများ၊ ပညာရေးဝန်ထမ်းများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းပညာရေးမှူး ဦးဝင်းဆွေက တိုင်းအတွင်း အခြေခံပညာကျောင်းများဖွင့်လှစ်ထားရှိမှု အခြေအနေ၊ ပညာရေးဝန်ထမ်းများ ဖွဲ့စည်းပုံ၊ ကျောင်းသားအင်အား၊ ၂၀၀၆–၂၀၀၇ခုနှစ် အခြေခံပညာကျောင်းများ အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်မှု၊ စာတတ်မြောက်ရေး လှုပ်ရှားမှု၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွင်း ထူးချွန်စွာအောင်မြင်ရေး စီမံဆောင်ရွက်မှုများနှင့် ကျောင်းအဆောက်အအုံများ ပြင်ဆင်

စာမျက်နှာ ၈ကော်လံ ၃သို့ ➪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ထားဝယ်မြို့နယ် ကနိုင်းဒါ ကျေးရွာအုပ်စုရှိ ချောင်းရှည်ချောင်း ချောင်းကောတူးဖော်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

NLD ပါတီ၏ လုပ်ရပ်များကြောင့် ပါတီအပေါ်ထောက်ခံမှု၊ စိတ်ဝင်စားမှုမရှိ မိမိတို့၏စီးပွားရေးလုပ်ငန်းကိုသာ လုပ်ကိုင်ရန်အတွက် ဆောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ခြောက်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မတ် ၁၃

မကွေးတိုင်း ဆောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဆောမြို့ သီရိရပ်ကွက်မှ ဦးရဲတင့်၊ ဒေါ်တင်တင်၊ ဦးလှသောင်း၊ မင်းလယ်ကျေးရွာမှ ဦးမျိုးချစ်၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍